# ရေးလာတဲ့ပေးစာ

## သို့– သျှမ်းသံတော်ဆင့်အယ်ဒီတာခင်ဗျား

ရွှေလီမြစ်ဝှမ်းမှာ နအဖပုလိပ်ကိုယ်တိုင် မူးယစ်ဆေးသုံးစွဲလို့ တရုပ်အာဏာပိုင်တွေဖမ်းတဲ့အကြောင်း ဂွဏ်းခေါ် ပရိတ်သတ်တွေကို ပြောပြပါရစေ။ ရွှေလီမြစ်မြောက်ဘက်ကမ်း တရုပ်နယ်နဲ့ ထိစပ်နေတဲ့ ရွှေလီလွင်ပြင် နောင်တောင်းအုပ်စု ဝမ့်တင်းခယိုရွာနဲ့ကပ် ရက် ဝမ့်ကွန်ဟိုင်းရွာမှာ ၂၀၀၄–၂၀၀၅ တုန်းကမူးယစ်ဆေးရောင်းဝယ် တဲ့အိမ် ၁၀ အိမ်လောက်ရှိတယ်။ ဒါပေမဲ့ ဒီနှစ် မေ ၁၆ မှာနအဖပုလိပ် တပ်က ကောင်းမြတ်စိုးဆိုတဲ့ပုလိပ်ကို (ပန်းဆေးပြည်သူ့စစ် ခေါင်းဆောင် ကျော်မြင့်ရဲ့တပည့်တွေအပါအဝင်)နောက်လိုက်အယောက် ၂၀ လောက် ထည့်ပေးပြီး အိမ်ခြေ ၃၀၀ လောက်ရှိတဲ့ ဝမ့်ကွန်ဟိုင်းရွာမှာ လုံခြုံရေး အတွက် စခန်းချခိုင်းတယ်။

မူးယစ်ဆေးဝါးရောင်းဝယ်မှု ကာကွယ်တားဆီးရေးဘာမှမလုပ် တဲ့အပြင် ကြွက်တောထဲ ကြောင်ချပေးသလို အဲဒီပုလိပ်တွေ ဆေးစားသူ စား ရောင်းသူရောင်းဖြစ်လာတယ်။ အရင်က ဆေးရောင်းတဲ့အိမ် ၁၀ အိမ် ကနေ အိမ် ၂၀ လောက်ဖြစ်လာတယ်။

ဂျွန် ၁၃ ရက်နေ့မှာ ဝမ့်ကွန်ဟိုင်းရွာက နန်းဖိန်းရဲ့အိမ်ကို ဆေးရှာဖို့ ကောင်းမြတ်စိုးရောက်သွားတယ်။ ကံဆိုးမိုးမှောင်ကျချင် တော့ တရုပ်အာဏာပိုင်တွေကလဲ သတင်းရထားလို့စစ်ဆေးဖို့ နန်းဖိန်း အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားတော့ နန်းဖိန်းရော၊ ဆေးသွား ရှာတဲ့ ကောင်းမြတ်စိုးရော အဖမ်းခံရတာပေါ့။

ကောင်းမြတ်စိုးအဖမ်းခံရတယ်လို့ကြားကြားချင်း ဝမ့်ကွန်ဟိုင်း ရွာမှာ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ထားတဲ့ နမ့်ခမ်းမြို့ ကောင်းနောင်မိုရပ်ကွက် သား (နအဖပုလိပ်နဲ့ရင်းနှီးကျွမ်းဝင်သူ) ဦးမောင်မြင့်က တရုပ်ပုလိပ် တွေဆီသွားပြီး “ကောင်းမြတ်စိုးဟာ မူးယစ်ဆေးမသုံးပါဘူး။ စခန်းမြေ ပြင်ညှိဖို့ နန်းဖိန်းအိမ်မှာ ထွန်စက်သွားရှာတာပါ” ဆိုပြီး အာမခံချက် သွားပေး ပေးလို့ အဲဒီနေ့မှာဘဲ ကောင်းမြတ်စိုးပြန်လွတ်လာတယ်။

တတ်လဲတတ်နိုင်တဲ့လူတွေ။ ၁၆ ရက်ရောက်တော့ ကောင်း မြတ်စိုးနဲ့အဖွဲ့ကို နမ့်ခမ်းပြန်သွားနေခိုင်းတယ်။ ဒု–ဗိုလ်အဆင့်ရှိတဲ့ ဦးစိုးထီးကို ဝမ့်ကွန်ဟိုင်းလုံခြုံရေးတာဝန်ယူခိုင်းလိုက်တယ်။ ဒီလူတော့ ဝမ့်ကွန်ဟိုင်းမှာ အခြေချ မနေရဲဘူး။ နမ့်ခမ်းကနေ ၂– ၃ ရက် တစ်ခေါက် ကွန်ဟိုင်းကို သွားပြီးအလုပ်လုပ်တယ်။ ပြီးရင်အိမ်ပြန်တယ်။ မူးယစ် ဆေးရောင်းဝယ်ရေး ရှင်းလင်းသုတ်သင်ဖို့ ဘာမှလုပ်ရှား တာမတွေ့ရဘူး။ ပြည်သူမျက်ဖြူဆိုက်လေ– နအဖအကြိုက်တွေ့လေဆို တာ ဒါမျိုးများ လားမသိ။

**ရွှေလီမှ စိုင်းတီ**



နဝတ လက်ထက် တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေး

# နအဖတို့ အနှစ် ၂၀ ပြည့် လုပ်ဆောင်ချက်ကြောင့် တိုင်းပြည် နစ်နာ



### သို့ – သျှမ်းသံတော်ဆင့်အယ်ဒီတာခင်ဗျား

မြန်မာနိုင်ငံသည် သဘာဝဓါတ်ငွေ့တင်ပို့မှုမှ တစ်နှစ်လျှင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလျံချီ၍ရရှိနေ၏။ နောင်နှစ်များတွင်လည်း ယခုထက်ပိုမိုရရှိမည်ဟု စီးပွားရေးပညာရှင်များကခန့်မှန်းထားကြပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောသဘာဝ သယံဇာတများဖြစ်သည့် သစ်၊ သတ္တု၊ ကျောက်မျက်ရတနာ၊ ရေနံနှင့်သဘာဝဓါတ်ငွေ့ရောင်းရငွေမှာလည်း တစ်နှစ်လျှင် ဘီလျံများစွာရှိခဲ့ပါသည်။

ပြည်သူလူထုဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးသာယာမည်ဖြစ်သော်လည်း ပြည်သူစားသုံးမှု သက်သာချောင်ချိရေးကိုမကြည့်ပဲ ၎င်းတို့အဖွဲ့အစည်းတည်မြဲရေးကိုသာ နအဖတို့ဆောင်ရွက်ခဲ့ကြသည်။

အပြင်ပန်းမှကြည့်လျှင် ချမ်းသာကြွယ်ဝသည်ဟုအမြင်ရစေရန် တိုးတက်ဖွံ့ဖြိုးပြီးနိုင်ငံများပင် မလုပ်ဆောင်သော အုပ်ချုပ်ရေးမြို့တော်သစ်ကြီးကို ပြည်သူများ၏မျက်နှာမထောက်။ ဆင်းရဲကျပ် တည်းမှုအပေါ် လစ်လျူရှုပြီး ဘီလျံထောင်ချီ အကုန်ကျခံ တည်ဆောက်ခဲ့သည်။

၎င်းတို့အာဏာတည်မြဲစေရန်နှင့် ၎င်းတို့အသိုင်းအဝိုင်း ချမ်းသာကြွယ်ဝစေရန်အတွက် ဦးပိုင်လီမိတက်ကိုတည်ထောင်ခဲ့၏။ နိုင်ငံ၏ယခင်ကတည်းက ဝင်ငွေအကောင်းဆုံး ကျောက်မျက်ရတနာလုပ်ငန်းကိုလက်ဝါးကြီးအုပ်ပြီး အမေရိကန်ဒေါ်လာသန်းချီ အလွယ်တကူသဲ့ယူနေကြသည်။

အခြားဝင်ငွေကောင်းသည့် လုပ်ငန်းများကိုလည်း ၎င်းတို့နှင့်ဖက်စပ်လုပ်စေပြီး စစ်တပ်ထိပ်တန်းပုဂ္ဂိုလ်များအား ကောင်းစားစေခဲ့သည်။ပြည်သူအများစုမူကား မနက်ဖြန်အတွက် မစဉ်းစားနိုင်ပဲ ယနေ့စားသောက်ဖို့ကိုသာ စဉ်းစားရှာကြံနေကြရ၏။

နေ့စဉ်နှင့်အမျှ တရိပ်ရိပ် တက်နေသည့်ကုန်ဈေးနှုန်းကို အလျင်မှီမလိုက်နိုင်ပဲ ခါးပြတ်နေရပါသည်။ ယာဉ်များ သဘာဝဓါတ်ငွေ့သုံးလျှင် အသုံးစရိတ်ပိုမိုသက်သာလာစေမည်ဟု နအဖကြီးများပြောကြားသော်လည်း ယနေ့အဖို့ တစ်နေ့လုပ်ခ၏ သုံးပုံတစ်ပုံမှာလုပ်ငန်းခွင် အသွား အပြန်ယာဉ်စီးစရိတ်ဖြစ်ခဲ့ရသည်။

ကျောင်းသားများအပေါ် ဆူပူမှုစတင်သည်ဟူသော အမြင်ကြောင့် တက္ကသိုလ်ကောလိပ်များ တစ်ခုနှင့်တစ်ခုဝေးလံစွာ ဖွင့်လှစ်ခဲ့သောကြောင့် မိဘအများစုသည် တက္ကသိုလ်ကောလိပ်များသို့ သားသမီးများ မပို့နိုင်ကြတော့ပေ။ အလုပ်လုပ်ရင်း ကျောင်းသားကျောင်းသူဘဝကို ခံယူနိုင်သေးသည့် အဝေးသင်ပညာရေးစံနစ်ကို အားထားနေရ၏။ ရင်နာစွာဖြင့် မိမိတို့သားသမီးများအားသင်ယူစေကြပါသည်။ ပညာရေးစရိတ် ကြီးမြင့်မှုသည် ယခင်ကိုလိုနီစနစ် ထက်အဆမတန်ဆိုးဝါးလှ၏။ ငွေရှိမှပညာတတ်မည်ဟူသည့် အချိန်ကာလခေတ်သမယ ရောက်မှန်းမသိ ရောက်နေကြရသည်။

လူသာလျှင်အဓိက၊ ငွေကြေးသည်သာမညဟူသည့် ဆိုရိုးစကားသည် ယခုအခါ ပြောင်းပြန်ဖြစ်နေသည်။ ငွေကြေးမရှိ ငွေကြေးမတတ်နိုင်လျှင် ပညာတတ်တစ်ယောက် ဖြစ်မလာနိုင်တော့။ ကောင်းမွန်သည့်အလုပ်အကိုင်မရရှိနိုင်ပေ။သာဓကပြရလျှင်ယခင်နှစ်ကအကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများကိုခေါ်ယူရာ၌ အဝေးသင်တက္ကသိုလ်ဘွဲ့ရများ လက်ခံခြင်းမရှိပဲ နေ့ကျောင်းအချိန်ပြည့် တက္ကသိုလ်တက်ဘွဲ့ရသူများကိုသာ ခေါ်ယူခန့်ထားခဲ့သည်။

ထို့ကြောင့် ဝန်ထမ်းလောကအဖို့ရုံးများ၌ ငွေကြေးတစ်စုံတစ်ရာမပေးရ၊ လာဘ်ပေးလာဘ်ယူ မပြုလုပ်ရဟူသောစာတမ်းများ မြင်သာစေရန်ချိတ်ဆွဲထားသော်လည်း စာသည်စာရွက်ပေါ်တွင်သာ ရှိပါသည်။ ၎င်းတို့မိသားစု စားဝတ်နေရေး၊ သားသမီးများ ပညာသင်ကြားရေး၊ လူမှုရေးတို့တွင် သုံးစွဲရမည့်ငွေကြေးအတွက် လာဘ်ယူရသည့်အဆင့်ကိုမကျော်လွန်နိုင်ကြတော့ပေ။ အထက်လူကြီးများအား ပေးရသည့်လာဘ်ငွေ ကုန်ကျစရိတ်များကာမိစေရန်အတွက် ဝန်ထမ်းအများစု လာဘ်ယူရဦးမည်သာ ဖြစ်သည်။

ပြည်သူလူထုကို အလုပ်အကျွေးပြုသည်ဟု ခံယူကြောင်းပြောဆိုသူ ကြီးကြီးငယ်ငယ်တို့ လာဘ်ယူမှုနှင့် မကင်းကြချေ၊ လူမြင်သူမြင်နှင့် လူမမြင်သူမမြင်ဟူ၍ အနည်းငယ်သာ ကွာခြားမှုရှိသည်။

အားလုံးခြုံငုံ သုံးသပ်မည်ဆိုပါက နအဖတို့လက်တစ်ဆုပ်စာလူတန်းစား အာဏာတည်မြဲရန်နှင့် ၎င်းတို့အသိုင်းအဝန်း ချမ်းသာကြီးပွါး ခိုင်မာတောင့်တင်းရန် အဓိကထားလွန်းသောကြောင့် တိုင်းပြည်ဝင်ငွေ အလွဲသုံးစားပြုနေကြခြင်းဖြစ်၏။ တိုင်းပြည်အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေမည့် လူသားအရင်းအမြစ်ကဏ္ဍကို နအဖတို့လစ်လျူရှုလာသောကြောင့် ပြည်သူများ ကြပ်တည်းဆင်းရဲနေခြင်းပင် ဖြစ်သည်။

**တောင်ဥက္ကလာပမှ**
**မောင်ဒုက္ခ**

## နိုင်ငံရေး

# အမျိုးသမီးနိုဘယ်လ်ဆုရှင်အဖွဲ့ မြန်မာ့အရေးဆွေးနွေး

ချင်းမိုင်တက္ကသိုလ် မှာ ဇူလိုင် ၂၁ ရက်က မြန်မာအမျိုးသမီးများအဖွဲ့နဲ့ NWI လို့ခေါ်တဲ့ နိုဘယ်လ်ဆုရှင်အမျိုး သမီးလှုပ်ရှားမှုအဖွဲ့တို့တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ကြပါတယ်။

နေ့လည်ပိုင်းကနေ ညနေအထိ လူမှုသိပ္ပံဌာန အမျိုးသမီးလေ့လာရေးဌာနခွဲအစည်းအဝေးခန်းမမှာ နိုဘယ်လ်ဆုရှင်အမျိုးသမီးများနဲ့ ထင်ရှားတဲ့အမျိုးသမီးများရဲ့ နိုင်ငံရေး၊ အခွင့်အရေးခေါင်းစဉ်တွေနဲ့ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသမီး နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များ လှုပ်ရှားမှုအဖွဲ့ Nobel Women Initiative အဖွဲ့က ကိုယ်စားလှယ် ၄ ဦးတက်ရောက်ခဲ့ကြပြီး နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဂျိုဒီဝီလီယံလဲ ပါဝင်ဆွေးနွေးခဲ့ပါတယ်။

ချင်းမိုင်တက္ကသိုလ် Women Study Center က ဦးဆောင်ကျင်းပခဲ့တာဖြစ်ပြီး ထိုင်းကျောင်းသူ ကျောင်းသားနဲ့ မြန်မာနိုင်ငံသား ၁,၀၀၀ နီးပါးတက်ရောက်ခဲ့ကြပါတယ်။ ထိုင်းနိုင်ငံတောင်ပေါ် တိုင်းရင်းသူတွေဖြစ်တဲ့ ကရင်၊ လားဟူအစရှိတဲ့ တိုင်းရင်းသူတွေက ထိုင်းနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက် ခံနေရတာတွေကို ဆွေးနွေးတင်ပြခဲ့ကြတယ်။ မြန်မာနိုင်ငံအတွင်းမှာအမျိုးသမီးတွေ စစ်အစိုးရလက်အောက် လူ့အခွင့်အရေးချိုးဖောက်ခံနေရတာတွေ ဆွေးနွေးတင်ပြကြပါတယ်။

နိုဘယ်လ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီရရှိဖို့ ဦးဆောင်ကြိုးပမ်းနေပုံတွေနဲ့ တိုင်းရင်းသားနယ်မြေ အသီးသီးကိုသွားရောက်ပြီး ဒီမိုကရေစီရရှိဖို့ ဦးဆောင်လှုပ်ရှားနေတဲ့ ဗွီစီဒီခွေကို ၁၀ မိနစ်ကြာ ပြသခဲ့ပါတယ်။

ဒီဆွေးနွေးပွဲမှာ မြန်မာအမျိုးသမီးသမဂ္ဂက မတင်တင်ညို၊ သျှမ်းအမျိုးသမီးရေးရာအသင်း SWAN ကနန်းချမ်တောင်း၊ အမျိုးသမီးသမဂ္ဂမြန်မာနိုင်ငံမှ မသင်းသင်း အောင်တို့က အမျိုးသမီးတွေနှစ်ရှည်လများ



Photo : Youth Power Media

လူ့အခွင့်အရေးချိုးဖောက်ခံနေရတာတွေကို ရှင်းပြခဲ့ကြပါတယ်။ ဒီမတိုင်ခင် NWI အဖွဲ့က ကချင်အမျိုးသမီးအဖွဲ့ KWAT ၊ လားဟူအမျိုးသမီးအဖွဲ့ LWU ၊ မြန်မာ အမျိုးသမီးသမဂ္ဂ BWU ၊ သျှမ်းအမျိုးသမီးရေးရာအသင်း SWAN နဲ့ အမျိုးသမီးသမဂ္ဂ WLB တို့ကိုလည်း သီးသန့်တွေ့ဆုံပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ ဆောင်ရွက်နေတာတွေကို မေးမြန်းဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ❑



# သျှမ်းပြည်၌ နအဖစစ်ဌာနချုပ် ထပ်တိုးချဲ့ဖွယ်ရှိ

သျှမ်းပြည်အရှေ့ပိုင်း၌ နအဖစစ်ဌာနချုပ် တစ်ခုထပ်မံတိုးချဲ့မည်ဟုသတင်းထွက်နေကြောင်းကျိုင်းတုံသတင်းရပ်ကွက်ကဆိုပါသည်။

ဂျူလိုင်လလယ်က တီးတိုးသတင်းများ ထွက်ပေါ်ခဲ့ပြီး နေပြည်တော်ဗဟိုစစ်ရုံးချုပ်၏ ၄ လပတ်အစည်းအဝေးဆုံး ဖြတ်ချက်ဖြစ်နိုင်သည်ဟုဆို၏။

*"မိုင်းဆတ်မြို့မှာ ရုံးစိုက်မယ်လို့ သတင်းထွက်နေတယ်။ မိုင်းဆတ်မြောက်ဘက် မိုင်းပြင်းကနေ မိုင်းဆတ်အရှေ့တောင်ဘက် ဟိုမိန်းမြို့နယ်ခွဲအပါအဝင် ကယားနယ်စပ်အထိ ထိန်းချုပ်မဲ့သဘောဘဲ။ တိုင်းစစ်ဌာနချုပ်အသစ်ဖွင့်ဘို့ အလားအလာရာခိုင်နှုန်းများတယ်၊ ဘယ်တော့စလုပ်မလဲတော့မသိဘူး"* ဟု ဗမာပြည်ကွန်မြူနစ် ပါတီဝင်ဟောင်း ကျိုင်းတုံသား စီးပွါးရေးသမား တစ်ဦးက ပြောပြသည်။

နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲအတွက်ကြိုတင်ပြင်ဆင်မှုအနေနှင့် သံလွင်အရှေ့ဖက်ခြမ်း အပစ်ရပ်ဝတပ်ဖွဲ့အထူးဒေသ ၂ နှင့် မိုင်းလား အပစ်ရပ် အထူး ဒေသ ၄ အဖွဲ့တို့အား လက်နက်ဖြုတ်တပ်ရပ်ရန် ဖိအားပေးရေးအတွက် အင်အားဖြည့်ထားခြင်းလည်းဖြစ်နိုင်ကြောင်း၊ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်နှင့် ထိုင်းနယ်စပ်အကြားရှိ UWSA ၁၇၁ စစ်ဒေသ 10 တပ် ရင်းကျော်၊ တပ်မဟာ ၄၁၄၊ ၂၅၁၈ ထိန်းချုပ်နယ်မြေ တစ်ခုလုံးနှင့် SSA-S သျှမ်းတပ်အားရင်ဆိုင်ရန်လည်း စစ်ရေးပြင်ဆင်ခြင်းဖြစ်နိုင်ကြောင်း – သျှမ်းခေါင်းဆောင်အချို့ သုံးသပ်ကြ၏။

*"အဲဒီမှာ စစ်ဌာနချုပ်သစ်တစ်ခု တကယ်ချဲ့ဖြစ်ရင်တော့ ဟိုမိန်းမြို့နယ်ခွဲလည်း မိုင်းဆတ်ခရိုင်အောက်ဆွဲထည့်ဖို့ အလားအလာများမယ်။ အပစ်ရပ်အဖွဲ့တွေ၊ လက်နက်ကိုင်တိုက်နေဆဲအဖွဲ့တွေ အတွက်ရင်လေးရတာပေ့ါ။ ဒေသခံလူထုလည်း ဖိနှိပ်မှုအမျိုးမျိုးခံရဖို့ များမယ်၊ စားဝတ်နေရေး ပိုပြီး ကျပ်တည်းလာမယ်"* ဟု တြိဂံတိုင်း အသိုင်းအဝိုင်းနှင့် ဝင်ဆန့်သည့် အဆိုပါ ဗကပဟောင်းလုပ်ငန်းရှင်က ဆိုပါသည်။

မိုင်းဆတ်ခရိုင်တွင် မိုင်းဆတ်၊ မိုင်းပြင်း၊ မိုင်းတုံမြို့နယ်နှင့် မိုင်းကုတ်၊ ပုံပါကျင်မြို့နယ်ခွဲများပါဝင်၏။ အရှေ့မြောက်နှင့်အရှေ့ဘက် ဂွင်များကို ကျိုင်းတုံတြိဂံစစ်တိုင်းရုံးမှ သီးခြားပိုင်နိုင်စွာ ကွပ်ကဲထိန်းချုပ်နိုင်စေရန် ပိုင်းခြားခွဲထုတ်လိုသဖြင့် တိုးချဲ့ခြင်းဖြစ်မည်ဟုဆိုသည်။ ❑

# ရလလဖဌာနချုပ်ကို နအဖစစ်အင်အားသုံးစီးနင်း လက်နက်အပြီးဖြုတ်

ဩဂုတ်စ်လဆန်းပိုင်းက ရပခ ဒုစစ်တိုင်းမှူး ဦးဆောင်သောစစ်အင်အားတပ်ရင်းနှစ်ရင်း SNPLO ပအိုဝ်းနီဌာနချုပ် နောင်ထော်အား ဝိုင်းရံလက်နက်ဖြုတ်၍ နအဖခြေကုတ်စခန်းအဖြစ် သိမ်းပိုက်လိုက်ကြောင်း – သျှမ်းပြည်တောင်ပိုင်း သတင်းကဆိုပါသည်။

ဂျူလိုင်လနှောင်းပိုင်းက SNPLO နာယက ဦးတာကလယ်အား ရပခတိုင်းမှူးခေါ်ယူတွေ့ဆုံပြီးလက်နက်ချရန်ဖိအားပေးခဲ့သည်။ သဘောတူညီမှုမရမီ ဩဂုတ်စ် ၃ ရက်မနက်ပိုင်း၌ ဒုတိုင်းမှူးဗိုလ်မှူးချုပ်ချစ်ဦးနှင့် နည်းဗျူဟာမှူး ဗိုလ်မှူးဝင်းဘိုတို့က ခမယ ၄၂၆ နှင့် ခမယ ၂၅၀ ကိုဦးဆောင်၍ ရလလဖဌာနချုပ်ရှိ ဗိုလ်မှူးစိုးအောင်လွင် ဦးဆောင်သော အင်အား ၁၂၀ ခန့်အား လက်နက်ချခိုင်းသည်ဟု တောင်ကြီးမြို့ရှိ ရလလဖ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက အတည်ပြုပြောဆိုသည်။

ဆီဆိုင်မြို့ အမည်မဖေါ်လိုသူပြည်သူတစ်ဦးက – *"လက်နက်ချရင်ချ မချရင်တိုက်မယ်လို့ ဗမာစစ်တပ်ကရာဇသံပေးတော့နောင်ထော်ဌာနချုပ်လက်နက်ကိုင်တပ်ဖွဲ့အားလုံး ၃ ရက်နေ့ညနေပိုင်းမှာလက်နက်ချလိုက်ရတယ်"* – ဟုဆိုပါသည်။

ရလလဖခွဲထွက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ PNLOနိုင်ငံရေးနှင့်စည်းရုံးရေးဌာန ခွန်ကွဲထိုက– *"ဦးတာကလယ်တော့အနားယူလိုက်ပြီ။ လက်နက်ဖြုတ်သိမ်းခံရတဲ့ ဗိုလ်မှူး ဦးစိုးအောင်လွင်နဲ့ ဗိုလ်မှူးဦးစိန်ရွှေဦးဆောင်ပြီး နိုင်ငံရေးပါတီထောင်မယ်။ ၂၀၁၀ ရွေးကောက်ပွဲဝင်မယ်လို့သတင်းကြားတယ်"* – ဟုဆိုသည်။

SNPLO ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ ရလလဖသည် ဥက္ကဌ တာကလယ်ဦးဆောင်၍ ၁၉၉၄ က စစ်အစိုးရနှင့် အပစ်အခတ်ရပ်ခဲ့၏။ နအဖကျင်းပသောအမျိုးသားညီလာခံသို့ ၂၀၀၄ ၌စတင် တက်ရောက်ခဲ့သော်လည်း တခြားငြိမ်းချမ်းရေးအဖွဲ့နည်းတူ လက်နက်ချရန် အကြိမ်ကြိမ်ဖိအားပေးခံခဲ့ရသည်။ ၂၀၀၇ နှစ်လယ်ပိုင်းတွင်မူ ဗိုလ်မှူးခွန်သူရိန်ဦးဆောင်သောအင်အား ၁၀၀ ခန့်ရလလဖ ဌာနချုပ်မှခွဲထွက်ကာ KNPP ကရင်နီထိန်းချုပ်နယ်မြေသို့တောပြန်ခိုခဲ့သည်။ ထိုနောက်မကြာခင် ဦးချစ်မောင်ဦးဆောင်သော အင်အား ၄၀ ခန့်က စစ်အုပ်စုထံလက်နက်ချခဲ့သည်။ ယခု ၂၀၀၈ နှစ်လယ်ကလည်းဗိုလ်မှူးဆိုင်ဖ ဦးဆောင်သောအင်အား ၄၀ ကျော်မှ ဦးအောင်ခမ်းထီဦးဆောင်သောအပစ်ရပ်ပအိုဝ်းဖြူ PNO နှင့်ပူးပေါင်းသွား ပြီးနောက်ဩဂုတ်စ်၃ ရက်၌ လက်ကျန် ရလလဖအားလုံး လက်နက်ချလိုက်ရခြင်း ဖြစ်ပါသည်။

❑

# ထိုင်းတို့ဗမာ့အချုပ်အခြာကို ကျူးကျော်သည်ဟု နအဖတိုင်းမှူးပြောဆို


ဗိုလ်ချုပ်ကျော်ဖြိုး

ဩဂုတ်လ ၁၇ ရက်က ဒေသခံအာဏာပိုင်များနှင့် လူထုတွေ့ဆုံ ရှင်းလင်းပွဲ၌ ဗမာပြည်၏ အချုပ်အခြာနယ်နိမိတ်ကို ထိုင်းနိုင်ငံမှ ကျူးကျော်ထိပါးနေသည်ဟုတြိဂံစစ်တိုင်းမှူးက ချင်းမိုင်ခရိုင်နှင့် မျက်နှာချင်းဆိုင် မိုင်းတုံမြို့နယ်အတွင်း သွားရောက်စည်းရုံး ထောက်ပြ ပြောဆိုခဲ့ကြောင်း နယ်စပ်သတင်း ရပ်ကွက်တခုက ဆိုသည်။

ကျိုင်းတုံအခြေစိုက် ယခင်တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နေရာသို့ အစားထိုးခန့်အပ်ခံရသည့်ဗိုလ်ချုပ်ကျော်ဖြိုးက –"ကမ္ဘောဒီယားနိုင်ငံရဲ့သမိုင်းဝင်ပိုင်နက်ကို ထိုင်းတွေတဖက်သတ်သိမ်းပိုက် အပိုင်စီးထားသလိုမျိုးဘဲ၊ ကျုပ်တို့ပိုင်နက် နယ်မြေဖြစ်တဲ့ လွယ်လန်းကိုထိုင်းတပ်ကခြေကုပ်ယူထားတယ်" – ဟု ဖြည့်စွက်ခိုင်းနှိုင်းထောက်ပြ၏။

"ဒီကိစ္စကိုတရားနည်းလမ်းကျကျ ကိုင်တွယ် ဖြေရှင်းဖို့အချိန်ရောက်လာရမယ်"– ဟုလည်းပြောကြားသည်ဆို၏။ (လွယ်လန်းဆိုသည်မှာထိုင်းနိုင်ငံမယ်ဟုံးမြို့နယ်နှင့်သျှမ်းပြည်မိုင်းဆတ်မြို့နယ်အကြားရှိ ၃၂ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိ သူပိုင်ငါပိုင် အငြင်းပွားဆဲ နယ်စပ်တောင်ပေါ် ဒေသတခုဖြစ်သည်။)

အိန္ဒိယတွင် ဥပဒေပညာဆည်းပူးပြီး အင်္ဂလန်တွင်စစ်ပညာသင်ကြားခဲ့ဖူးသည်ဟုမိမိကိုယ်ကိုမိတ်ဆက်ပြသောအဆိုပါစစ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးက ဩဂုတ်လ ၁၆ ရက်မှ ၁၈ ရက်အထိ မိုင်းတုံမြို့နယ် နယ်စပ်ဒေသသို့ခရီးလှည့်လည်စစ်ဆေးလေ့လာမှာကြားစဉ် ထိုကဲ့သို့ ညွှန်းဆိုစွပ်စွဲလိုက်ခြင်းဖြစ်သည်။

တြိဂံစစ်တိုင်းမှူး းက ဆက်လက်၍ – တဖက်နိုင်ငံ (ထိုင်း)သည် ဗိုလ်မှူးကြီးယွက်စစ်ဦးဆောင်သော တောင်ပိုင်း SSA အား ကြားခံခြံစည်းရိုးအဖြစ်အသုံးချပြီးမိမိတို့ဗမာ့တပ်မတော်အပေါ် အနှောင့်အသွားဖြစ် စေသည်ဟုလည်း – စွပ်စွဲလိုက်သည်။

"ယွက်စစ်တို့အဖွဲ့ကမ်းလှမ်းဆွေးနွေးချင်တယ်ဆိုရင် သူတို့နဲ့စကားပြောဖို့အချိန်မရွေးတံခါးဖွင့်ထားတယ်။ ဒါပေမဲ့သူတို့ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ကတော့ ပါကိုပါရမယ့် ခြွင်းချက်ဘဲ"– ဟုလည်းထုတ်ဖေါ် လိုက်သည်ဟုဆို၏။

ထိုင်းနယ်စပ် BP -1 မြောက်ဖက် ၂၉ မိုင် ကျော်ကွာဝေးသည့် မိုင်းတုံမြို့နယ် – မိုင်းတုံတောက်ဘက် နားကောင်းမူး အထကကျောင်း၌မွန်းလွဲပိုင်းရှင်းလင်းမှာကြားပြီး ၁၈/၀၈/၀၈ညနေပိုင်းမှတြိဂံတိုင်းမှူး နှင့်အဖွဲ့ မိုင်းဆတ်သို့ထွက်ခွာသွားကြ၏။

ထိုင်းစစ်တပ်မှ ကျူးကျော်သိမ်းပိုက်ထားသည်ဟု ဗမာစစ်တပ်မှ အကြိမ်ကြိမ်စွပ်စွဲသော လွယ်လန်းနယ်မြေမှာ ယခင် MTA လက်ထက် ၁၉၈၂ မှစ၍ ထိန်းချုပ်ခဲ့ဖူးပြီး ၁၉၈၇ ၌ ထိုင်းစစ်တပ်မှသိမ်းပိုက်ခဲ့သည်။

လွန်ခဲ့သည့်ဩဂုတ်စ်လဆန်း ၆–၈/၀၈/၀၈ ချင်းရိုင်းတွင် ကျင်းပခဲ့သည့် ၂၅ ကြိမ်မြောက်ဒေသဆိုင်ရာ ထိုင်း–မြန်မာ နယ်ခြားကော်မတီ RBC အစည်းအဝေး၌လည်း အဆိုပါလွယ်လန်းနယ်မြေ အငြင်းပွားမှုကို နှစ်ဖက်တပ်မှူးများဆွေးနွေးငြင်းခုံခဲ့ကြသေးကြောင်း၊ သဘောတူ ညီမှုမရဘဲ နှစ်ဖက်စလုံးအထက်သို့တင်ပြရန် ဆုံးဖြတ်ကြကြောင်း ဘန်ကောက်ပို့စ်သတင်းစာ၌ ဖေါ် ပြခဲ့၏။ ထိုအစည်းအဝေးတွင် ပါဝင်တက်ရောက်သူ ဗိုလ်ချုပ်ကျော်ဖြိုးကိုယ်တိုင် ဗမာပြည်ပိုင်နက်တစ်လက်မမှ အထိမခံလိုပုံ အဆိုတင်ခဲ့သည် ဟုဆို သည်။ ❑

# သျှမ်းအရှေ့သို့ နအဖ စစ်ယာဉ်တန်းများ စီပလာ

သျှမ်းပြည်အရှေ့ပိုင်း၌ စစ်ဌာနချုပ် ချဲ့မည့်သတင်းငြိမ်နေသော်လည်း တောင်ကြီးရပခဘက်မှစစ်သားများ၊ ပစ္စည်းများတင်ဆောင်သည့် စစ်ယာဉ်တန်း အချို့သံလွင်အရှေ့ဘက်ကမ်းသို့ ပို့ဆောင်နေကြောင်း ကျိုင်းတုံ သတင်းရပ်ကွက်က ဆိုသည်။

*"ဩဂုတ်လ ၁ ရက်ကတရုတ်ဖြစ် တုန်းဖုန်း* **Dong Feng** *စစ်ယာဉ်တန်း ၆ စီးတောင်ကြီးဘက်က လာတယ်။ ရှေ့ပြေးလုံခြုံရေး ၉–၁၀ ယောက် လောက်ဘဲရှိမယ်။ တစ်မြို့ပြီးတစ်မြို့ လက်ဆင့်ကမ်း လုံခြုံရေးယူပြီး မိုင်းပြင်းရောက်တော့မိုင်းဆတ်ဘက်သွားတယ်။ လေးလံတဲ့ ပစ္စည်းတွေ မိုးကာကြီးနဲ့ဖုံးထားတော့ ဘာပစ္စည်းမှန်းမသိဘူး။ သံပိုက်လုံးကြီးတွေလား လက်နက်ကြီးတွေလားတခုခုဖြစ်မဲ့ပုံဘဲ"* ဟု ၎င်းက ပြောပြသည်။

ထိုမတိုင်ခင်ဂျူလိုင်လနှောင်းပိုင်းကလည်းမိတ္ထီလာမှလာ သောတပ်ရင်း ၅ ရင်းခန့်မိုင်းဆတ် ဘက်ဆင်းသွားကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

အကယ်၍ မိုင်းဆတ်ခရိုင်၌ စစ်ဌာနချုပ်တစ်ခု ထပ်တိုးချဲ့ပါက – မိုင်းဆတ်၊ မိုင်းပြင်း၊ မိုင်းတုံနှင့် ပုံပါကျင် မြို့နယ်ခွဲ အခြေစိုက် အပစ်ရပ်ဝတပ်ဖွဲ့စစ်ဒေသ ၁၇၁ ထိန်းချုပ်နယ်မြေအပြင် ထိုင်းနယ်စပ်တစ်လျှောက်အခြေစိုက် SSA သျှမ်းပြည်တပ်မတော် တောင်ပိုင်းတပ်စခန်းများအား ထိုးစစ်ဆင်ရန်နှင့် ထိုင်း–သျှမ်း နယ်စပ်ဂွင်တစ်ခုလုံး တိုက်ရိုက်ချုပ်ကိုင်ရန် ဖြစ်နိုင်သည်ဟု နိုင်ငံရေး၊ စစ်ရေးလေ့လာသူများက သုံးသပ်ပြောဆိုကြသည်။❑

## လူ့အခွင့်အရေး

# ပအိုဝ်းအမျိုးသားခေါ်ထားပြီး ဖမ်းထားသူ ၃၀ ကျော် နအဖ ဂိတ်စောင့်တို့ ပြန်လွှတ်ပေး

နယ်စပ်သို့အပို့ခံရသည့် ချင်းမိုင်မှတရားမဝင် သျှမ်းရွှေ့ပြောင်း အလုပ်သမား ၃၆ ဦးကို နအဖဂိတ်စောင့်တပ်ဖွဲ့ ပြန်လွှတ်ပေးသော်လည်း အသက် ၁၆ နှစ်ပအိုဝ်းအမျိုးသမီးအားလွှတ်မပေးဟု နယ်စပ်သတင်းရပ်ကွက်က ဆိုသည်။

ဂျွန်လ ၂၅ ရက် ချင်းမိုင်ထောင်မှလွှတ်ပေးသူ (တရားဝင်အလုပ်သမားကဒ်မရှိကြသည့်) သျှမ်းရွှေ့ပြောင်းအလုပ်သမား ၃၇ ဦးအား ထိုင်းလဝကတို့ နောင်အုပ်–ပုံပါကျင်ကြား ထိုင်းနယ်စပ် BP .1 ဂိတ် သို့ပို့ဆောင်စဉ် ၎င်းတို့အားနအဖစစ်သားများ ဆက်ဖမ်းထားခြင်း ဖြစ်သည်။

*"သျှမ်းနဲ့ ပအိုဝ်းတွေချည်းဘဲ၊ ဗမာ စစ်တပ်အချုပ်ခန်းမှာ တညအိပ်ရတယ်၊ မနက်ရောက်တော့ ၃၆ ယောက်ပြန်လွှတ်ပေးပေမဲ့ ၁၆ နှစ်အရွယ်ပအိုဝ်းကလေးမကိုတော့ပြန်မလွှတ်ပေးဘူး။ မတရားကျင့်ကြံခံရမှာစိုးလို့ ကျနော့်ဇနီး၊ ကျနော့်သမီးပါလို့ တောင်းပန်ပြောကြပေမဲ့ လုံးဝပြန်လွှတ်မပေးဘူး၊ ကလေးမက နမ့်ဇန်မြို့နယ် ဝမ့်ညောင်ဆာရွာဇာတိလို့ပြောတယ်"*–ဟု ပြန်ရောက်လာသူ အသက် ၃၀ ပအိုဝ်း အမျိုးသားတဦးက ပြောပြသည်။

*"ဗမာစစ်တပ်လက်ထဲရောက်သွားတော့ တယောက်မှပိုက်ဆံမရှိကြတော့ဘူး။ ပြန်လွှတ်ပေးတော့ တချို့လဲရွာပြန်သွားကြတယ်။ အများစုတော့ထိုင်းကိုပြန်ဝင်ကြတယ်။ ကလေးမ သတင်းလဲထပ်မကြားရဘူး"* – ၎င်းက စိတ်မကောင်းစွာ ညည်းပြသည်။

အဖမ်းခံရသည့် ၃၇ ယောက်တွင် ယောကျာ်း၊ မိန်းမ တဝက်စီပါပြီး ဂျွန်လ ၂၅ ရက် ချင်းမိုင်ခရိုင် ချင်းဒေါ်မြို့နယ် နောင်အုပ် (သျှမ်းပြည်အရှေ့တောင်ပိုင်း ပုံပါကျင်မြို့နယ်ခွဲ မျက်နှာချင်းဆိုင်) ရှိ BP 1 နယ်စပ်ဂိတ်သို့ပြန်ပို့ခြင်းခံကြရသည်။ ၎င်းတို့အား နအဖစစ် တပ်အာဏာပိုင်များ ၂၆ ရက်ညထိန်းချုပ်ထားပြီး ၂၇ ရက်၌ ပြန်လွှတ် ပေးခဲ့သည်။

❑ ❑ ❑

## မူးယစ်

# သျှမ်း/မြောက်မှာ မူးယစ်ဆေးဈေးကွက်ကြီးလာ နအဖ ပုလိပ်တို့ဂရုမစိုက်

သျှမ်းပြည်မြောက်ပိုင်းတရုပ်နယ်စပ်မြို့များ၌ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု အဆမတန် များပြားလာသော်လည်း မူးယစ်ရဲမှအစ ရွာသူကြီးအဆုံး သိပ်ဂရုမစိုက်ဟု ရွှေလီသတင်းရပ်ကွက်က ဆိုပါသည်။

မူဆယ်မြို့အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာအိမ်ခြေ ၅၀ ကျော် ဝိန်းနန်းရွာမှာမူးယစ်ဆေးဝါးရောင်းဝယ်မှုအများဆုံးဖြစ်ပြီး အခြားဒေသမှ လာရောင်းဝယ်သောနေရာလည်းဖြစ်၍။ မူးယစ်ဆေးမရောင်းဝယ်သည့်အိမ် ၅ အိမ် ၆ အိမ်ခန့်သာရှိသည်ဟုဆိုသည်။

*"ဝမ့်ဝိန်းနန်းရွာမှာ ၂–၃ နှစ်အတွင်း ဒီနှစ် ပိုပြီးစည်လာတယ်။ အဖြူလိုချင်လား၊ အမည်းလိုချင်လား၊ ယာမ၊ ခွဲရူး လိုချင်တာ ၂၄ နာရီဝယ်လို့ရတယ်။ ညနေခင်းဆိုရင် ဝမ့်ဝိန်းနန်းနဲ့ ဝမ့်ဇွမ်ဇော်ရွာကြားနမ့်ပေါ့ချောင်းဘေးမှာ ဟင်းသီးဟင်းရွက်ရောင်းတဲ့ ဈေးလေးလိုဘဲ မူးယစ်ဆေးရောင်းတာ။ နေ့တိုင်း အရမ်းစည်တယ်။ သေနတ်ကိုင်ပြီး ဈေးဟိုဘက်ထိပ် ဒီဘက်ထိပ်ကင်းစောင့်ပေးတဲ့လူရှိတယ်။ တခါတလေ မိုးပေါ်ထောင်သေနတ်ပစ်ပြိုင်ကြပြီး နောက်နေကြတယ်။ ရွာသူကြီး လုံးစံညွန့်ရော အဲဒီမှာစခန်းချတဲ့နအဖပုလိပ်တွေရော အရေးမစိုက်ကြဘူး၊ ကာကွယ်နှိမ်နင်းဟန့်တားတာဘာမှမလုပ်ဘူး"*– ဟု ဝိန်းနန်းရွာရောက်ဖူးသူ ရွှေလီဒေသခံတစ်ဦးက ပြောပြသည်။

*"သူတို့အခုလိုလွှတ်လွှတ်လပ်လပ် ရောင်းဝယ်ဖောက်ကားနိုင်တာ နမ့်ခမ်း မယကဥက္ကဌ ဦးညွန့်ဟန်ကိုကောင်းကောင်း ခွံ့ကျွေးနိုင်လို့ထင်တယ်"* – ဟု ဆေးရောင်းသူနှင့် ရင်းနှီးသူတစ်ဦးကပြော၍။

မူဆယ်ပြည်သူ့စစ်ခေါင်းဆောင်ယန့်ဆန် ၊ ဝိန်းနန်းဒေသခံ လောဝ်ဇောင်ဝ်၊ မူဆယ်မြို့နယ်နောင်မိုရွာမှ စိုင်းလင်းကဲ့သို့သော လက်နက်ကိုင်ကိုယ်ရံတော် ၄–၅ ယောက်ရှိ လောဝ်ပန်းများ၏ တပည့်တပန်းများမှာ ဝိန်းနန်းမူးယစ်ဈေးသို့ လက်လီလက်ကားရောင်းဝယ်ကြသည်ဟုဆို၍။ အမည်မသိအခြားလက်ကားရောင်းဝယ်သူ အများအပြားလည်းရှိသည်ဟု ဆိုပါသည်။

ဆေးဝယ်ယူသုံးစွဲသူများမှာ တက်သစ်စ ဒေသခံလူငယ်များဖြစ်သည်ဟု ကြားသိရသည်။ ❑

ဆောင်းပါး

# တော်လှန်ရေးဆိုတာ တစ်ဦးချင်းစီကနေ ပေါက်ဖွားစတင်

ကမ္ဘာမှာခေါင်းဆောင်အမျိုးအစားအများကြီးရှိပါတယ်။ ကွဲပြားများမြောင်တဲ့ သက်ဆိုင်ရာပြည်သူလူ့အဖွဲ့အစည်းရဲ့ ထူးခြားမှုအပေါ်မှာမူတည်ပါတယ်။ အဲဒီခေါင်းဆောင်တွေထဲမှာ အာဏာရှင်၊ နိုင်ငံရေးသမား၊ စစ်တပ်အကြီးအကဲ၊ တော်လှန်ရေးခေါင်းဆောင်၊စိတ်ဓါတ်ရေး ဘာသာ သာသနာရေးခေါင်းဆောင်၊ စီးပွါးကုန်သွယ်လောကအစားစား ထဲကခေါင်းဆောင် စတာတွေပါဝင်ပါတယ်။ တချို့ခေါင်းဆောင်က ရာသက်ပန်ခေါင်းဆောင်၊တချို့ကဆယ်စုနှစ်ချီ တချို့ကတော့တိုတောင်းတဲ့ ခေတ်သမယ– စတဲ့ သက်တမ်းတွေရှိကြပါတယ်။

ဆယ်စုနှစ်ချီ အာဏာလက်ကိုင်ထားတဲ့ ခေါင်းဆောင်အများစုဟာ သူတို့ရဲ့ နက်နဲပြင်းထန်တဲ့ယုံကြည်ယူဆမှု– ခံယူချက်နဲ့ သူတို့ရဲ့ မူလဘူတ အရေးကိစ္စ ပတ်သက်ယှက်နွှောင်မှုတွေ ကြောင့်ဖြစ်ပါတယ်။ သာဓကအားဖြင့် အာဏာရှင်တွေအနေနဲ့ သူတို့ဟာပြည်သူလူထုလိုလား တဲ့ ခေါင်းဆောင်တွေ ဖြစ်တယ်လို့ နက်နက်နဲနဲ ယုံကြည်တဲ့ သူတို့ရဲ့ ရည်မှန်းချက်ကို ဆုပ်ကိုင်ပြသဘို့ပါဘဲ။



လူပုဂ္ဂိုလ်တွေခေါင်းဆောင်ဖြစ်လာတဲ့ နည်းလမ်းကလဲခြားနားတတ်ပါတယ်။ အာဏာရှင် တချို့တလေကတော့ အရွေးတင်ခံရတယ်။ ဩဇာအာဏာရလာတဲ့ တချို့အာဏာရှင်ကတော့ သူတို့ကိုယ်တိုင်ကလွဲလို့ အရာကိစ္စတွေအပေါ် ဘယ်သူမှမကိုင်တွယ်မဖြေရှင်းနိုင်တော့ဘူးလို့ စိတ်ထဲမှာ စွဲလမ်းကြပါတယ်။

တိုးတက်တဲ့ ဘယ်နိုင်ငံမှာမဆို ဘယ်သူကမှ အာဏာရှင်လက်ထဲတိုင်းပြည်အာဏာမအပ်ကြပါဘူး။ ပသို့ဆိုစေဘယ်အာဏာရှင်ဘဲဖြစ်ဖြစ် ပြည်သူလူထုပူးပေါင်းပါဝင်မှုမရှိဘဲနဲ့တော့ ပြီးပြည့်စုံတဲ့ အာဏာကိုသူမပိုင်ဆိုင်နိုင်ပါဘူး။ အာဏာရှင်တွေအာဏာသိမ်းဖို့ အကြောင်းပြလေ့ရှိတာတွေကတော့ တိုင်းပြည်မတည် မငြိမ်ပျက်ပြားယိုယွင်းလို့၊ မင်းမဲ့စရိုက်ကြီးစိုးလို့၊ နိုင်ငံရေးပဋိပက္ခပြင်းထန်လို့၊ အာဏာလုပွဲပေါက်ကွဲလို့ စတာတွေဖြစ်ပါတယ်။ လက်ရှိခေါင်းဆောင်တွေ လေ့လာစူးစိုက်နေတဲ့ တခြားအချက်တွေလဲရှိပါသေးတယ်။ အာဏာရှင်တွေ အသက်ရှူချောင်ရာ မှီခိုအားထားရာ အထောက်အပံ့ရှိနေသမျှ ကာလပတ်လုံး သူတို့ကို ဖယ်ရှားတွန်းလှန်ဖို့ ဆိုတာခက်ခဲလှပါတယ်။

အဖိနှိပ်ခံပြည်သူတွေအတွက် အဓိကမေးခွန်းကတော့ **“ အာဏာရှင်တွေကို ဖယ်ရှားတွန်းလှန်ဖို့ မိမိတို့မှာ ခံယူချက်ခိုင်မြဲမှု၊ အနစ်နာခံစွန့်လွှတ်စွန့်စားမှု ၊ရည်မှန်းချက်အပေါ် မျက်ခြေမပြတ်မှု အားအင်တွေ လုံလောက်ပြီလား”** ဆိုတာပါဘဲ။

ဒေါ် အောင်ဆန်းစုကြည်လို ခေါင်းဆောင်မျိုးဟာ ယုံကြည်ချက်ခိုင်မာမှု၊ ရပ်တည်ချက် ပီပြင်မှန်ကန်မှုရှိတဲ့ ပုဂ္ဂိုလ်ထူးဖြစ်တာကိုတော့ ယုံမှားသံသယ ဖြစ်စရာမရှိပါဘူး။အဖိနှိပ်ခံပြည်သူတွေထဲမှာလဲ အဲဒီလိုလူစားမျိုး အများအပြားရှိပါတယ်။ အမှန်တရားကိုစောင့်ရှောက် ကာကွယ်တဲ့ သံဃာတော်တွေ၊ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သူတွေ၊ ၈၈ ကျောင်းသားခေါင်းဆောင်တွေ၊ မွန်မြတ်တဲ့ ရည်မှန်းချက်အတွက်နဲ့ တရားမျှတမှုအတွက် ကျဆုံးသွားတဲ့ သူရဲကောင်းတွေအပါအဝင် တိုက်ပွဲဝင်နေဆဲ တိုင်းရင်းသားလူငယ် ၊ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူတွေထဲက ဒေါ်ဒေါ်မြည်အမာခံ–စတဲ့ သက်ရှိထင်ရှား အာဇာနည်တွေ ဖြစ်ကြပါတယ်။

ဘယ်လိုဒုက္ခဆင်းရဲ ခက်ခဲကျပ်တည်းမှုမဆို၊ အာဏာရှင်စစ်အုပ်စုရဲ့ ဘယ်လိုလူမဆန်ရက်စက်ယုတ်မာမှုမဆို၊ ဒီတိုက်ပွဲဝင်သူရဲကောင်းတွေရဲ့ ရဲရဲတောက် သံမဏိစိတ်ဓါတ်၊ သံဓိဌာန်သစ္စာတရားနဲ့ စွန့်လွှတ် စွန့်စားမှုကို မဖျက်ဆီးမပြောင်းလဲပစ်နိုင်ပါဘူး။ အဲဒီအနစ်နာခံ စွန့်လွှတ်စွန့်စား သက်ရှိထင်ရှားအာဇာနည်တွေရဲ့ စစ်အုပ်စုအပေါ် အာခံအံတု ဆန့်ကျင်မှုလုပ်ဆောင်ချက်တွေဟာ အတိုင်းအဆမရှိအမြင့်မြတ်ဆုံး ဂုဏ်ထိုက်လှပါတယ်။

ကနေ့ထက်ထိ လက်တဆုပ်စာသန်းရွှေစစ်အုပ်စုဟာ အပြုံးမပျက်ရီတာပေ့ါ အနေအထားနဲ့ အာဏာလက်လွှတ်လွှဲပြောင်းဖို့အရိပ်အယောင်မပြသေးပါဘူး။ အတိုက်အခံတွေဆန့်ကျင်တိုက်ခိုက်လေ၊တိုင်းပြည်အာဏာကို ကျားကုတ်ကျားခဲ တွယ်ကပ်လေဖြစ်ပြီး အာခံအံတုသူတွေအပေါ် အကြမ်းပတမ်း နှိပ်ကွပ်နှိမ်နင်းဖို့ လက်မနှေးတတ်ပါဘူး။ တခြားပြည်ပနိုင်ငံတွေရဲ့ လက်ညှိုးထိုး ဝေဖန်ရှုပ်ချမှုတိုင်းလဲ ဒင်းတို့အမြဲမျက်ကွယ်ပြုနေပါတယ်။ တရုပ် ရုရှားကလွှဲလို့ ကမ္ဘာ့ခေါင်းဆောင်တွေရဲ့ ဘယ်ထင်မြင်ထောက်ပြမှုမျိုးကိုမဆို ဒင်းတို့လျစ်လျူရှုပါတယ်။ ဘယ်တော့မှ ဂရုမစိုက်ဘူး။

သန်းရွှေစစ်အုပ်စုဘက်က စိန်ခေါ်မှုလုပ်လေ အတိုက်အခံဘက်ကလဲ စိန်ခေါ်အံတုဘို့လိုအပ်လေ ဖြစ်ပါတယ်။ တခြားရွေးခြယ်ရာလမ်း မရှိပါဘူး။ တပြိုင်နက်ထဲ အတိုက်အခံအုပ်စုများအဖို့ မိမိတို့ရဲ့ အမှားအယွင်း၊ အပြစ်အနာအဆာ၊ ချို့ယွင်းအားနည်းချက်၊ပျော့ကွက်

တွေကိုကုစားဖာထေးရပါမယ်။ မိမိတို့အတွင်းမှာ နားလည်မှုလွဲမှားတာတွေ၊ ညီညွတ်ရေးယိုယွင်းတာတွေ၊ သွေးစည်းခိုင်မာမှုကင်းမဲ့တာတွေ၊ အာဏာရာထူးကုလားထိုင်လုပ်ပိုင်ခွင့် လုယက်တာတွေ၊ခြေချင်းလိမ်ပြိုင်ဆိုင်ဂျောက်တွန်းတာတွေရှိရင် အချိန်မီပြုပြင်ပြောင်းလဲရပါမယ်။ အဲဒါတွေဟာ ကိုယ့်သေတွင်းကိုယ်တူးတဲ့ ပြိုလဲ ပျက်သုဉ်းမှုကြီးပါ။

သန်းရွှေစစ်အုပ်စုမှာ အင်အားတွေရှိတယ်လို့ ယူဆနိုင်ပေမဲ့ အဲဒီအင်အားကိုဘာနဲ့တည်ဆောက်ထားသလဲ။ ၎င်းတို့ရဲ့ကောက်ကျစ် ကျဉ်းမြောင်းတဲ့ ပုဂ္ဂလိကအတ္တယုံကြည်ချက်နဲ့တည်ဆောက်ထားတယ်ဆိုတာ သံသယပွါးစရာမလိုပါဘူး။ ဒီပုံဒီနည်းနဲ့ဘဲ ၎င်းတို့ရပ်တည်နေတာဖြစ်တယ်။ ဒီတော့ သူ့ရှုံးသူပတ်တဲ့နည်းအတိုင်းသူ့ဂိမ်း Game နဲ့သူပြန်ကစားရမှာဖြစ်တယ်။ အခြားနည်းနာပေါင်းစုံနဲ့ပေါင်းစပ်ပြီး စစ်မှန်သောဒီမိုကရေစီနဲ့ လွပ်လပ်မှုပန်းတိုင်အထိ လှုပ်ရှားရုန်းကန် တိုက်ပွဲဝင်သွားရမှာပါ။

လူမဆန်တဲ့ တယူသန်သန်းရွှေအာဏာရှင် စစ်အုပ်စုကိုဆန့်ကျင်တိုက်ခိုက်နေကြတဲ့ အဖွဲ့အစည်းအသီးသီးအတွက် အလိုအပ်ဆုံး ရောမ ပဓါနအချက်ကတော့ အတွင်းသွေးစည်းခိုင်မာမှုဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

သွားလေသူ တခြားအာဏာရှင်စစ်အုပ်စုတွေလိုဘဲ သန်းရွှေစစ်အုပ်စုကို အတိတ်ကာလဖြစ်သွားအောင် ကျမတို့ကြိုးပမ်းကြရမယ်။ ဒီမကောင်းဆိုးဝါး မဟာဗမာစစ်ဝါဒီတွေ ပြိုလဲနိဂုံးချုပ်သွားတဲ့အထိ ကျမတို့ အပြင်းအထန်အလုပ်လုပ်ကြပါစို့။ တော်လှန်ရေးဆိုတာ ကျမတို့တစ်ဦးချင်းစီကနေ စတင်ရှင်သန်ရစမြဲပါ။

Revolution begins within each and every one of us by Feraya Nangmone ( UK ) ဆောင်းပါးကို နားလည် ဉာဏ်မှီသရွေ့ ဘာသာပြန်ခြင်းဖြစ်၏။ချွတ်ချော်လွဲမှားမှုရှိပါက ပြန်ဆိုသူ၏တာဝန်သာဖြစ်သည်။

**(သျှမ်းဟယ်ရယ်– စိုင်းဆယ်နိဂျင့်)**

# ပေါ်တာမထမ်းပေးနိုင်သူ သေသည်အထိ ကန်ကျောက်ခံရ

သျှမ်းပြည်တောင်ပိုင်း ကျေးသီးမြို့နယ်မှ ပေါ်တာတစ်ဦး နအဖစစ်သားများ၏ကန်ကျောက်မှုကြောင့်သေဆုံးခဲ့ရကြောင်း နယ်စပ်ရောက်ကျေးသီးဒေသခံများက ပြောပြသည်။

ဂျူလိုင် ၂၆ ရက်က မိုင်းနန်းအခြေစိုက် နအဖစစ်တပ် ခလရ ၂၈၇ မှ အင်အား ၂၀ ရှိစစ်ကြောင်းတစ်ကြောင်း၏ ပစ္စည်းထမ်းရန် မိုင်းနောင်အုပ်စု မိုင်းနောင်ရွာသားစိုင်းထွန်း (၂၇ နှစ်)နှင့် ဆန်စိုင်း (၃၈ နှစ်) တို့အဖမ်းခံရပြီး ဆန်စိုင်းအား ကန်ကျောက်ခဲ့ခြင်းဖြစ်သည်။

“ ဂျူလိုင် ၂၆ ကတည်းက ဖမ်းသွားတယ်၊ ဩဂုတ် ၄ ရက်ရောက်တော့ ဆန်စိုင်းက သူ့မှာအူကျရောဂါရှိလို့ ခရီးဆက်မသွားနိုင်တော့ဘူးလို့ပြောပြီး လမ်းခုလပ်မှာရပ်နေတယ်။ စစ်သားတွေက မခန့်လေးစားလုပ်ရလားဆိုပြီး သူ့ဗောကို ၃ ချက်တိတိ တအားဆောင့်ကန်လိုက်တယ်။ အဲဒီနေရာမှာဘဲ ဆန်စိုင်းခမျာလဲကျသေဆုံးသွားတယ်” ဟု အဆိုပါဒေသခံက ပြောပြသည်။

၎င်း၏မိသားစုထံ အဆိုပါနအဖစစ်ကြောင်းမှ ၂၀ ပြည်ပါဆန်တစ်အိတ်လျော်ကြေးပေးပြီး“ ဆန်စိုင်းနေမကောင်းလို့သေသွားပြီ။ ဒီကိစ္စ ဒီမှာတင်ပြီးပါစေ၊ သတင်းလုံးဝမထွက်စေနဲ့” ဟု ခြိမ်းခြောက်ပြောဆိုခဲ့ သည်ဟုဆို၏။

ကျန်ရစ်သူ မိသားစုကအဆိုပါစစ်ကြောင်းအရာရှိထံ တိုင်ကြားပေးရန်ရွာသူကြီးအား သွားရောက်အကူအညီတောင်းသော်လည်း တာဝန်ယူပေးရဲသူမရှိဟု နယ်စပ်ရောက်ကျေးသီးဒေသခံကပြောပြသည်။ ❑



“တပ်မတော်သည် တိုင်းပြည်အတွက်
တိုင်းပြည်သည် တပ်မတော်အတွက်မဟုတ်”
“စည်းကမ်းမရှိတဲ့စစ်တပ်ရှိနေမဲ့အစား အဲဒီစစ်တပ်မရှိတာ
တိုင်းပြည်အတွက်ပို ကောင်းတယ်”

ဗိုလ်ချုပ်အောင်ဆန်း

## ထွက်ပေါက်

“လက်ရှိတိုင်းပြည်၏ အခြေအနေမှာညှပ်ပူးညှပ်ပိတ် ထွက်ပေါက် မမြင်ရသလောက် အခြေအနေဆိုးနေသည်မှာ အမှန်ဖြစ်ပါသည်။ သို့ သော် လိုလျှင်ကြံဆနည်းလမ်းရ ဟူသည့်စကားအတိုင်း ထွက်ပေါက်တစ်ခုတော့ရှိနေသည်ဟု မြင်ပါသည်။ ၎င်းမှာ (၁) တရားဥပဒေထွက်ပေါက်နှင့် (၂) လူထုတိုက်ပွဲထွက်ပေါက် ၂ ခုတို့ကို အချိုးညီညီဆောင်ရွက်ခြင်းဖြင့် အချိန်တစ်ခုရောက်လျှင် ထွက်ပေါက်ရောက်ရမည် မလွဲဟု ထင်ပါသည်။ ရန်သူဘက်မှ ၎င်းတို့ အနိုင်ရရှိနေသည်ဟု ထင်မြင်ကောင်းထင်မြင်နေမည်ဖြစ်သော်လည်း ၎င်းတို့သည်လည်း မဟုတ်မမှန်လုပ်ခဲ့ခြင်း၏ ဒဏ်ကိုကျော်လွှားနိုင်ရေးအတွက် ခက်ခဲသောအခြေအနေနှင့် ရင်ဆိုင်နေရမည်မလွဲပါ။ လူထုဘက်မှ ရုန်းကန်ချက်သည် ၎င်းတို့၏ အခက်အခဲကိုပို၍ကြီးမားစေလိမ့်မည်ဖြစ်သည်။”

ဦးရွှေအုံး – ၂၀၀၈ ဇွန်လ ၃ ရက်နေ့

# ဘန်းပြလိမ်ညာ ဆန္ဒခံယူပွဲအတု

ရှောန်အက်ဖ်ဗလေ (ဆိုင်မွန်ဖုရေဆာတက္ကသိုလ်) ၂/၇/၂၀၀၈

နားဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ရပ်အပေါ် တကမ္ဘာလုံး ဝမ်းနည်းစာနာ ဗျာများပံ့ပိုး ထောက်ကူကယ်ဆယ်နေချိန်မှာ နအဖဗမာစစ်အုပ်စုကတော့ သူ့စိတ်ကြိုက် အခြေခံဥပဒေအသစ်အတည်ပြုရေး အတွက် ဆန္ဒခံယူပွဲကိစ္စကိုဘဲ အလေးထားရှေ့တန်းတင်ခဲ့ပါတယ်။ မေ ၁၀ ရက် ပထမ ဆန္ဒခံယူပွဲတုန်းက မုန်တိုင်းသင့်မြို့နယ်၊ ခရိုင်တွေချန်လှပ်ထားရပြီး ၂ ပတ်လောက် နောက်ကျပြီးမှ ရန်ကုန်ရောဝတီ ၄၇ မြို့နယ်ကို ဒုတိယအသုတ် ကျင်းပဖြစ်ခဲ့ပါတယ်။ ဒုတိယအသုတ်ဆန္ဒခံယူပွဲရွှေ့ဆိုင်းလိုက်တော့ မကျင်းပရသေးတာတောင်မှ မေ ၁၀ ရက် တုံးက မဲထည့်သူအားလုံးရဲ့ ၉၂.၄% အခြေခံဥပဒေ အတည်ပြုဖို့ ထောက်ခံမဲပေးကြတယ်လို့ ကြေငြာပါတယ်။ ချန်လှပ်ထားတဲ့ တပြည်လုံးရဲ့ ၁/၃ ပုံ မုန်တိုင်းသင့်ဒေသတွေ မပါသေးတာတောင်မှထောက်ခံမဲလုံလောက်နေပြီလို့ ကြွားလုံးထုတ်ခဲ့ပါတယ်။ မေ ၂၄ ရက် ဒုတိယအသုတ် ဆန္ဒခံယူပွဲလုပ်ပြီးတော့လဲ ပြည်သူ ၉၃ % မဲပေးကြပြီး ၉၂.၉၃% ထောက်ခံကြတယ်လို့ မစားရဝခမန်း တဆိတ်ကို တအိတ်လုပ်ပြန်တယ်။




နအဖ ဟာ စိတ်တိုင်းကျ ဆန်ခါတင် ခေါင်းခေါက် ရွေးခြယ်တဲ့ ကိုယ်စားလှယ် ၁,၀၀၀ ခန့်နဲ့ (နဝတလက်ထက် ၁၉၉၃ ကတည်းက) အမျိုး သားညီလာခံ ခေါ် ယူကျင်းပပြီး မိမိစိတ်ကြိုက် အခြေခံမူသစ်ကို ၁၄ နှစ်ကြာအချိန်ယူရေးဆွဲစေခဲ့ပါတယ်။ ဒေါ် အောင်ဆန်းစုကြည် ဦးဆောင်တဲ့ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကတော့ အခြေခံဥပဒေရေးဆွဲတဲ့ ဒီညီလာခံရဲ့လုပ်ထုံးလုပ်နည်းတွေ ဒီမိုကရေစီနည်းမကျတဲ့အပြင် ပြည်သူလူထုဆန္ဒအစစ်အမှန်ရဲ့ ရောင်ပြန်ဟပ်မှုလဲမရှိဘူးဆိုပြီး သပိတ်မှောက်ကျောခိုင်းခဲ့ပါတယ်။ လေ့လာ အကဲခတ်သူတွေခပ်များများကလဲ နအဖအခြေခံဥပဒေသစ်ဟာ အာဏာရှင်သက်ဆိုးရှည်ဖို့အတွက်ဘဲ အကာအကွယ်ပေးထားတယ်လို့ ထောက်ပြကြပါတယ်။ အကြောင်းကတော့ ပါလီမန်နဲ့အုပ်ချုပ်ရေး အာဏာအဆင့်ဆင့်ရဲ့ ၂၅ % ကိုစစ်တပ်ပါဝင်ခွင့် (စစ်ဗိုလ်တမတ်သား ပါလီမန်) အဖြစ်ပြဋ္ဌာန်းထားလို့ဘဲ။ နိုင်ငံတော်သမတဆိုရင်လဲ စစ်ရေး အတွေ့အကြုံရှိသူ စစ်တပ်ကလာတဲ့ထိပ်သီးဖြစ်ရမယ်။ အရေးပေါ် အခြေအနေလို့ ယူဆသတ်မှတ်လိုတဲ့အချိန်မှာ အာဏာသိမ်းနိုင်တယ် ဆိုတာလဲ ကန့်သတ်ပြဋ္ဌာန်းထားပါတယ်။

မေလ ၁၀ ရက် ဆန္ဒခံယူပွဲကာလတုံးက ကျနော်သျှမ်းပြည်ဘက်အလည် အပတ်ရောက်ခဲ့တယ်။ ဒေသတွင်းလူထုအကြားထဲမှာ ဘာတွေဖြစ်နေ သလဲဆိုတာ ပြည်သူတချို့နဲ့စကားပြောဖြစ်ခဲ့ပါတယ်။ စစ်အစိုးရအာ ဏာပိုင်တွေအဘို့ ပြည်သူလူထုရဲ့ဆန္ဒအတိုင်း ဘာကိုဘယ်လို ဘယ်ပုံ မဲထည့်ကြမလဲဆိုတာ သိထားတော့ ဒေသခံအာဏာပိုင်တွေကိုယ်တိုင် အပိုထောက်ခံမဲအများအပြား လုပ်ကြံဖန်တီးခဲ့တာကို မြို့နယ် တခုမှာ တွေ့ခဲ့ရပါတယ်။

တချို့မြို့နယ်ဆိုရင် ဆန္ဒခံယူပွဲသပိတ်မှောက်ဖို့ကိစ္စကိုတောင် ပြောဆိုကြတယ်။ ဒါပေမဲ့ မူလက ဆန္ဒခံယူပွဲကိုဆန့်ကျင်လိုကြတဲ့ ဒေသခံလူထုဟာ နောက်ဆုံးမတော့ ကန့်ကွက်မဲထည့်ရေးဘက်ဦးလှည့် လှုံ့ဆော်ကြဘို့ ဆုံးဖြတ်လိုက်ကြတယ်။

စစ်အစိုးရဟာ အခြေခံဥပဒေအတည်ပြုရေး ဆန့်ကျင်လှုံ့ ဆော်မှုအပါအဝင် အခြေခံဥပဒေ တရားမဝင်မှုဆိုင်ရာပြောဆိုချက်တွေ အပေါ် တိုက်ခိုက်ဝေဖန်တာတွေလုပ်လာပါတယ်။ စစ်အုပ်စုရဲ့ ပညာရေးလှုံ့ဆော်မှုကတော့ ထောက်ခံမဲဘယ်လိုပေးရမလဲဆိုတဲ့ ကန့် သတ် ရှင်းလင်းချက်တစ်ခုထဲပါဘဲ။ မြို့တွင်းနေရာအနှံ့ကပ်ထားတဲ့ ပိုစတာတွေမှာ ဘယ်လိုအမှန်ခြစ်ရမယ်ဆိုတာလောက်နဲ့ဘဲ နိုင်ငံတော် ရဲ့ ဒီမိုကရေစီလမ်းကြောင်းကို ပြင်ပမကောင်းဆိုးဝါးတွေက ခြိမ်းခြောက် နေကြတယ် ဆိုတာတွေကိုဘဲဖော်ပြထားပါတယ်။

ကန့်ကွက်မဲကိုညွှန်းဆိုကိုယ်စားပြုတဲ့ကြက်ခြေခတ် ✕အမှတ် အသားကိုတော့ လုံးဝဖော်ပြမထားပါဘူး။ NLD နဲ့ အခြားအတိုက်အခံ အင်အားစုတွေ လှုပ်ရှားစည်းရုံးတဲ့ မြေအောက်လှုံ့ဆော်ပညာပေးရေး ကအတော့်ကို ကန့်သတ်ခံနှိပ်ကွပ်ခံကြပါတယ်။

နအဖဆန္ဒခံယူပွဲမှာ ဝါဒဖြန့် လိမ်လည်လံကြုပ်မှု၊ တဖက်သတ် တလွဲတချော် အသိပညာပေးမှုတွေသာမက ထောက်ခံမဲသာ မဖြစ်မနေ ထည့်ဖို့ ခြိမ်းခြောက်မှု အဓမ္မဖိအားပေးခိုင်းစေမှုတွေနဲ့ရင်ဆိုင်ရခဲ့ပါ တယ်။ မေ ၁၀ ရက်မဲထဲ့တဲ့နေ့က မြို့နယ်အတော်များများမှာ အစောင့် စစ်သားတွေ ပြည့်နှက်နေခဲ့ပါတယ်။ မဲရုံဘေးမှာ နေရာယူစောင့်ကြပ်နေ တဲ့သေနတ်ကိုင်စစ်သားတွေဟာ ထောက်ခံမဲကိုဘဲထည့်ကြဘို့လူထုကို အင်အားပြခြိမ်းခြောက်နေသလိုပါ။ အာဏာပိုင်တွေအမှန်ခြစ်ပေးပြီး မဲ ထည့်ခိုင်းတာ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌတွေက တရပ်လုံးတရွာလုံး ကိုယ်စား တယောက်တည်းထောက်ခံမဲအကုန်ထည့်ပေးရတာ၊ ထည့် လိုက်တဲ့ ကန့်ကွက်မဲတွေ ပျောက်ကုန်ပြီး ထောက်ခံမဲ အဆမတန်ပိုများ လာတာ– စတဲ့ ဖြစ်ရပ်တွေ တပြည်လုံးမှာ ဒုနဲ့ဒေးပါ။ ဘန်းပြလိမ်ညာ လံကြုပ် ဆန္ဒခံယူပွဲအတုအယောင်ဆိုတာ လုံးဝ ပီပြင် ပေါ် လွင်ပါတယ်။

အဲဒါကြောင့် နအဖအခြေခံဥပဒေသစ်ဆိုတာ ယုံကြည်ဘွယ် ရာကင်းမဲ့လှတဲ့ လက်ညှိုးငေါက်ငေါက်ထိုးစရာ စက်ဆုပ်ရွံရှာဖွယ် ဟာသ အမြောက်ဆုံး အန္တရာယ်အမျိုး မကောင်းဆိုးဝါးကြီးဖြစ်ပါတယ်။ ❑

# နအဖ လမ်းပြမြေပုံ–တိုင်းရင်းသားများရေစုန်မျော

ဦးထင်ကျော် VOA 20/07/2008

အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေဟာ စစ်အစိုးရရဲ့လမ်းပြမြေပုံ အတိုင်းပါတီဖွဲ့ပြီးရွေး ကောက်ပွဲဝင်ဖို့အခြေအနေရောက်လာတော့မှာ ဖြစ်ပါတယ်။ KIO ကချင်လွတ်မြောက်ရေးအဖွဲ့အပါအဝင်အပစ်ရပ် အဖွဲ့အချို့က ရွေးကောက်ပွဲဝင်ဖို့ပြောဆိုမှုတွေရှိလာပေမဲ့ မွန်ပြည်သစ် ပါတီလို စစ်အစိုးရ လမ်းပြမြေပုံကို လက်မခံတဲ့ အဖွဲ့အစည်းတွေလည်းရှိ နေပါသေးတယ်။ မွန်ပြည်သစ်ပါတီဟာ စစ်အစိုးရလမ်းပြမြေပုံကို ဆန့် ကျင်ကန့်ကွက်ကြဖို့ မွန်ပြည်သူတွေကို တရားဝင်တိုက်တွန်းပြောဆိုမှု တွေရှိခဲ့ပါတယ်။ ပါတီရဲ့အင်တာနက် စာမျက်နှာပေါ် မှာနအဖ ဖွဲ့စည်းပုံ အပေါ် သဘောထားကို အခုလိုဖေါ် ပြထားပါတယ်။

*“ဒီအခြေခံဥပဒေကို စစ်ဗိုလ်တွေနဲ့ သူတို့စိတ်တိုင်းကျရွေးချယ် ထားတဲ့ ကိုယ်စားလှယ်တွေက အမျိုးသားညီလာခံမှာ ရေးထားတာ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ နိုင်ငံရေးကိုယ်စားလှယ်တွေ ကျတော့ တကယ့်အနည်းစုဘဲပါဝင်ခွင့်ရခဲ့တယ်။ တိုင်းရင်းသားခေါင်း ဆောင်တွေနဲ့ အပစ်ရပ်အဖွဲ့အစည်းတွေရဲ့ တင်ပြချက်တွေလည်းအကြိမ် ကြိမ်ပယ်ချခံခဲ့ရတယ်။ ဒါကြောင့်မွန်ပြည်သူတွေ အနေနဲ့ နိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံ ဥပဒေမူကြမ်းပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲ ထည့်ကြဖို့ မွန်ပြည်သစ်ပါတီမှ နှိုးဆော်တိုက်တွန်းပါတယ်”*

ဒီလိုတိုက်တွန်းချက်တွေဟာအရာမထင်ခဲ့ဘဲ မွန်ပြည်နယ်မှာ လည်း ထောက်ခံမဲ ၉၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ စစ်အစိုးရကထုတ် ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ မွန်ပြည်သစ်ပါတီဟာ လူထုယုံကြည်ထောက်ခံမှု ရှိလို့သာ ရပ်တည်နိုင်တာဖြစ်တယ်လို့ နယ်စပ်အခြေစိုက် လူမှုအဖွဲ့ အစည်းတစ်ခုဖြစ်တဲ့ မွန်အမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်ခေါင်းဆောင် နိုင်စိုးထွန်းက အခုလိုရှင်းပြခဲ့ပါတယ်။

*“မွန်ပြည်သူလူထုရဲ့ ထောက်ခံမှုရလို့အခု အသက် ၅၀ နှစ် အထိ ရပ်တည်လာနိုင်ခဲ့တာဖြစ်တယ်။ ဘာကြောင့်ထောက်ခံမှုရလဲဆို တော့ ဥပမာဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲမှာ ရဲရဲဝံ့ဝံ့ဝေဖန်ရတယ်။ နယ်စပ်မှာရှိတဲ့ ဒုက္ခသည်တွေကိုလဲသူတို့တတ်နိုင်သလောက်ကူညီ တယ်။နောက်ပညာရေးဘက်မှာလဲသူတို့တကယ်လုပ်ပေးတယ်။ဒါကြောင့် ပြည်သူလူထုထောက်ခံမှုရနေပြီး ကနေ့ထိ မွန်ပြည်သစ်ပါတီရပ်တည် နေနိုင်တာဖြစ်တယ်”*

လမ်းပြမြေပုံအတိုင်းဒရွတ်တိုက်ပါလာတဲ့ ငြိမ်းအဖွဲ့တွေဟာ အလုံးစုံတော့သဘောတူညီကြတာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံမရှိတာနဲ့ အတူတူဖွဲ့စည်းပုံရှိရင်အလားအလာကောင်းမယ်။ ဒီဖွဲ့စည်းပုံကို တဖြည်းဖြည်း ပြင်ဆင်သွားမယ်ဆိုတဲ့ စဉ်းစားချက်တွေလည်း ရှိပါတယ်။ KIO ဗဟိုကော်မတီဝင် ဗိုလ်မှူးကြီး ဂျိမ်းစ်လွမ်ဒေါင်းကတော့ –

*“ကျနော့်အမြင်ကတော့ ဒီဟာ အစဘဲဖြစ်တယ်။ ဗမာပြည် မှာ Constitution ဆိုတာမရှိခဲ့ဘူး။ ၁၉၄၇ မှာလုပ်တဲ့ဟာကို ဦးနုကမသုံး ခဲ့လို့လူတိုင်းကတော်လှန်ရေးထကြတယ်။ထိုနည်းတူစွာ၁၉၇၄မှာနေဝင်း ဆွဲခဲ့တဲ့ဟာ၊ သူကိုယ်တိုင်လဲ မသုံးခဲ့ဘူး။ ဒါကြောင့် ဗမာပြည်မှာ Consti tution မရှိခဲ့ဘူး။ အခုမှရှိလာမယ်ဆိုရင် ဒါကိုကျနော်တို့ ခလေးလိုမွေး ယူရပါလိမ့်မယ်။ ပြည့်စုံတဲ့ဟာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။”*

တိုင်းရင်းသားတွေဟာ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ရှိဖို့ ဆယ်စုနှစ်များစွာ လက်နက်ကိုင် တိုက်ပွဲဝင်လာသူတွေပါ။ အပစ်အခတ် ရပ်စဲပြီး အမျိုးသားညီလာခံတက်ရောက်စဉ်က သူတို့လိုလားချက်ကို တင်ပြတောင်းဆိုခဲ့ပေမဲ့ သူတို့တောင်းဆိုချက် လစ်လျူရှုခံရပြီး အခုချိန် မှာဆိုလို့ရှိရင်ဖွဲ့စည်းပုံအတည်ပြုတဲ့အဆင့်တောင်ဖြစ်နေပါပြီ။ ငြိမ်းအဖွဲ့ တွေဟာ သူတို့တင်ပြချက်တွေမရဘဲ ဘာဖြစ်လို့ဒီလိုအခြေအနေတွေ အထိ လိုက်ပါလာရသလဲဆိုတာကို နိုင်ငံရေးလေ့လာသုံးသပ်သူတစ်ဦး ဖြစ်တဲ့ ကိုအောင်သူငြိမ်းက –

*“ကျနော့်အမြင်ကတော့ တိုင်းရင်းသားခေါင်းဆောင်တွေ ဒီအ ခြေအနေကိုရိပ်မိနိုင်ပါတယ်၊ ဒါပေမဲ့ ဖြစ်နေတဲ့အနေအထားက သူတို့နှံ့ ထဲကိုနစ်နေသလိုဖြစ်နေတယ်။ လှုပ်လေမြုပ်လေဆိုတဲ့ အခြေအနေမျိုး ရောက်နေတယ်လို့ ကျနော်သုံးသပ်ပါတယ်။ ဥပမာအားဖြင့် တချို့အဖွဲ့ အစည်းတွေဆိုပါစို့၊ သူတို့တွေတစ်ဦးချင်းစီစပြီးတော့ တွန်းလှန်လို့မရ နိုင်သလို အဖွဲ့ကြီးတွေကိုယ်တိုင်ကလဲ အခုအနေအထားမှာအကျိုး စီးပွါးအရ တပ်တွေအထိုင်ကျနေတဲ့ အနေအထားအားလုံးခြေချုပ်မိနေ ကြတဲ့ သဘောမျိုးဖြစ်နေတယ်လို့ထင်ပါတယ်။”*

တိုင်းရင်းသားတွေဘက်ကလည်း ရှေ့မတိုးသာ နောက်မဆုတ် သာ အခြေအနေတွေ့ကြုံခဲ့ရသလို ဗမာစစ်အစိုးရအနေနဲ့လည်းသူတို့ ရဲ့ဖွဲ့စည်းပုံကို အတည်ပြုနိုင်တဲ့အဆင့်တောင်မှ မွန်ပြည်သစ်လို အစဉ် အလာရှိတဲ့အဖွဲ့က ဆန့်ကျင်ကန့်ကွက်မှုတွေ ထိန်းချုပ်မိနေတဲ့ အထဲ မှာလက်နက်အင်အားအပြည့်အစုံနဲ့ အခိုင်အမာရှိနေကြတဲ့ တိုင်းရင်း သားအဖွဲ့တွေအပေါ် လက်နက်ဖြုတ်သိမ်းရေးဟာလည်း ဖြေရှင်းရ ခက်ခဲမယ့် ပြဿနာတစ်ခုပါ။

*“ဒီအပစ်ရပ်အဖွဲ့တွေအနေနဲ့ တိုင်းရင်းသားပါတီတွေအဖြစ် ရွေးကောက်ပွဲဝင်မလား။ ဒီလိုဆိုရင် တပ်အပိုင်းက ဘယ်လိုလုပ်မလဲ။ အခုကျနော်တို့ကြားသလောက် သတင်းတွေက တပ်တွေချက်ချင်းလက် နက်ဖြုတ်မယ့် ပုံစံမျိုးတော့မဟုတ်ဘူး။ ဒါပေမဲ့ တပ်တွေကို ဘက်တံဆိပ် ပြောင်းခိုင်းပြီးတော့ တဖြေးဖြေးနဲ့အသွင်ပြောင်းယူသွားမဲ့ အလား အလာတွေ့ရပါတယ်။ အဲဒီအနေအထားမှာ နိုင်ငံရေးနဲ့ စစ်ရေးခွဲလိုက် ရင်ရေရှည်မှာတိုင်းရင်းသားလှုပ်ရှားမှုများ တော်တော့်ကိုထိခိုက်နိုင်စရာ ရှိပါတယ်။နောက်တစ်ခုကတော့ပြောတဲ့အတိုင်းမလုပ်ရင်လည်း စစ်အစိုး ရကအတင်းအကျပ်လက်နက်ဖြုတ်မဲ့အနေအထားဖြစ်လာနိုင်ပါတယ်။”*

တိုင်းရင်းသားအရေးဟာ မြန်မာပြည်နိုင်ငံရေးရဲ့ အဓိက ပြဿနာတခုဖြစ်ပါတယ်။ စစ်အစိုးရရဲ့ လမ်းပြမြေပုံအတိုင်း လိုက်နာ ခဲ့ကြတဲ့ ငြိမ်းအဖွဲ့တွေထဲမှာ သဘောထားတင်းမာတဲ့ အဖွဲ့တွေရှိသလို မိမိတို့လိုလားချက်ကိုတဖြည်းဖြည်းချင်း ရယူနိုင်မယ်လို့ ယုံကြည်နေတဲ့ အဖွဲ့တွေလည်းအများစုပါ။ အခြားတဖက်မှာလည်း လက်နက်ကိုင်တိုက် ခိုက်ဆဲ တိုင်းရင်းသားအဖွဲ့တွေ ပြည်တွင်းပြည်ပက တိုင်းရင်းသားအရေး လှုပ်ရှားသူတွေရှိနေသေးတာမို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက နိုင်ငံရေးပြဿနာကိုတွေ့ဆုံဆွေးနွေးအဖြေရှာဖို့အတွက် တိုက်တွန်းနေ ကြတာ ဖြစ်ပါတယ်။ ❑

တိုင်းရင်းသားအရေး

# ပြည်ထောင်စု ဒီမိုကရေစီ

တောင်တန်းသားများဖြစ်ကြသော ရှမ်း၊ ကချင်၊ ချင်းတို့သည် ၁၉၄၇ ပင်လုံညီလာခံကာလ၌ လမ်းဆုံလမ်းခွသို့ရောက်နေသော အချိန်ဖြစ်၏။ ကုန်းခေါင်ချောင်ပိတ်ဒေသ ( Land Locked) ဖြစ်သည်ကို သိကြသော်လည်း ကမ္ဘာပေါ် တွင်ကုန်းခေါင်ချောင်ပိတ်တိုင်းပြည်အများအပြား ရှိကြသဖြင့် တောင်တန်းဒေသ နိုင်ငံတော်တစ်ခုအဖြစ် ရပ်တည်နိုင်မှန်းလည်းသိကြ၏။ ထို့ကြောင့် သီးခြားတိုင်းပြည်ထူထောင်သည်ထက် အကြောင်းသိပြီးသော ဗမာများနှင့်ပေါင်း၍ လွတ်လပ်ရေးရယူခြင်းက ပို၍ မြန်ဆန်အကျိုးရှိလိမ့်မည်ဟု ယုံကြည်ခဲ့ကြသဖြင့် "ပင်လုံစာချုပ်"ကို ချုပ်ဆိုပြီး ဗမာများနှင့်လက်တွဲ၍ လွတ်လပ်ရေးယူလာကြခြင်းဖြစ်သည်။ သို့သော် တစ်ပြည်ထောင်စနစ် ဖြင့်မပေါင်းလို၊ ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စု၏အခြေခံဖြစ်သော နိုင်ငံရေးတန်းတူမှုနှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရမည်ဟူသော (တနည်းအားဖြင့်) "ပင်လုံမူ" ဟုခေါ်ကြသော သဘောတူညီချက်ရရှိခဲ့ကြ၍ယင်း"ပင်လုံစာချုပ်" ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်၏။ ထို "ပင်လုံမူ"ကို နောင်အခါ ကရင်နီများကလည်း သဘောတူလက်ခံပြီး တိုင်းပြည်ပြုလွှတ်တော်သို့ စုံညီစွာတက်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

> **၂၀၀၈ မြန်မာများသည် ၁၉၄၈ မြန်မာများထက် ပို၍အသိဉာဏ်ရှိသည်။ တာဝန်ကျေပွန်ကြသည်ကို ပြသရန်လိုအပ်ပေပြီ။**

တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေရေးဆွဲခဲ့ကြသော အခါ၌ကား အချိန်လု၍ရေးဆွဲကြရခြင်း ၊အခြေခံဥပဒေရေးဆွဲရန် အတွေ့အကြုံနုနယ်သေးခြင်းတို့ကြောင့် "ပင်လုံမူ"နှင့်ကွဲလွဲလာခဲ့၏။ သို့သော် လွတ်လပ်ရေးရပြီးနောက်မှ အချင်းချင်းညှိနှိုင်းပြင်ဆင်ကြမည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုသို့ကွဲလွဲလာခြင်းအတွက် ဗမာခေါင်းဆောင်များနှင့် အတူ တောင်တန်းဒေသခေါင်းဆောင်များသည်လည်း ပူးတွဲတာဝန်ရှိကြပေသည်။ မှားနေမှန်းသိ၍ အခြေခံဥပဒေပြင်ဆင်ရန် ကြိုးစားကြသော အခါ၌ကား ပြင်ဆင်ခွင့်မရဘဲ အာဏာသိမ်းခြင်းကိုသာ ခံလိုက်ရသည်။ ၁၉၇၄ တွင် ဒုတိယအကြိမ် ယခု ၂၀၀၈ တွင် တတိယအကြိမ်ရေးဆွဲကြသောအခြေခံဥပဒေများသည်ကား ပင်လုံမူနှင့်ဝေးသည်ထက် ဝေးလာသည်၊ လမ်းစပျောက်လာသည်ကိုတွေ့ရှိနေကြရပါသည်။ ယခုအကြိမ်သည်ကား ဒီမိုကရေစီပြည်ထောင်စုမဟုတ်တော့ဘဲ စစ်တပ်ကြီးစိုးသော တစ်ပြည်ထောင်နိုင်ငံသာဖြစ်လာသည်ကို တွေ့ရပေမည်။

တောင်တန်းသားလူမျိုးစုများသည် အများဆုံးနစ်နာကြသူများ ဖြစ်ကြသော်လည်း လူများစုဖြစ်သောမြေပြန့်သား ဗမာများသည်လည်း သွယ်ဝိုက်သောနည်းဖြင့် နစ်နာပေသည်။ အေးအတူပူအမျှသဘောပင် ဖြစ်၏။ ထို့ကြောင့်ပြည်ထောင်စုတည်ဆောက်စဉ်က ပြုခဲ့မိကြသော အမှားများကို အမှန်သို့ရောက်အောင် ပြင်ဆင်ရန် လူမျိုးစုများသာမက ဗမာများကလည်း တာဝန်ရှိစွာ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ လူမျိုးစုများ တသံတည်းတောင်းဆိုနေခဲ့သော"ရှစ်ပြည်နယ်ပြည်ထောင်စု" မူကို မြန်မာခေါင်းဆောင်အများစုလည်း သဘောတူထောက်ခံလာကြသည်ကို တွေ့နေရ၏။ ၂၀၀၈ မြန်မာများသည် ၁၉၄၈ မြန်မာများထက် ပို၍အသိဉာဏ်ရှိသည်။ တာဝန်ကျေပွန်ကြသည်ကို ပြသရန်လိုအပ်ပေပြီ။ အပြောသက်သက်မဟုတ်ဘဲ အလုပ်နှင့်သက်သေပြကြပါဟု မေတ္တာရပ်ခံလိုပါသည်။ လူမျိုးစုများကတစ်ဘက်–ဗမာများကတစ်ဘက် အတိုက်အခံပြုလွန်ဆွဲနေကြခြင်းထက် ပန်းတိုင်တစ်ခုတည်းသို့သာ မျက်နှာမူ အာရုံစိုက်ပြီး ပူးပေါင်းကြိုးစားဆောင်ရွက်ရန် လိုနေပြီဖြစ်ပါကြောင်း။

**ဦးရွှေအုန်း** (၂၇၊၅၊၂၀၀၈)

(FDP, FDGA ဖွဲ့စည်းရေး ဆော်ဩတိုက်တွန်းချက်စာတမ်းမှ)

စာမျက်နှာ (၃၃) မှ

အေးရိပ်ခိုခွင့်ပေးပေမဲ့ အရိပ်ခို အရွက်ချိုးတဲ့ မွန်လိုဖြစ်နေပါတယ်။

ကျနော်သိတဲ့မွန်ခပ်များများထဲမှာ ဘာသာရေးကိုင်းရှိုင်းတယ်။ ကျေးဇူးတရားကို ကိုးစားလိုက်နာကြပါတယ်။ ထမင်းတလုပ် ဆားတဆုပ်ပေးဖူးသူတွေအပေါ် ဘယ်တော့မှာ ကျေးဇူးမမေ့ဘူး။ မျက်မှောက်ပစ္စုပ္ပန် ထိုင်းဆန်/ထမင်းဟာ ရာဇဝင်ခေတ်က ထိုင်းဆန်/ထမင်းလောက် အနှစ်သာရအစေး မပြည့်ဝတော့ဘူးလား မပြောတတ်ဘူး။

> ***တောင်ဘက် အောက်ပြည် အောက်ရွာကို ဗမာတွေနယ်ချဲ့ကျူးကျော်လို့ မွန်တွေကို နှိပ်စက်မောင်း ထုတ်ခဲ့တာဟာ ထိုင်း–ဗမာစစ်ဖြစ်ဖို့ မျိုးစေ့ချပေးလိုက်သလိုပါ။ မြောက်ဘက်အထက်အညာကို ဗမာတွေနယ်ချဲ့လို့သျှမ်းတွေကိုထိပါးကျူးကျော်ခဲ့ရာက တရုပ်နဲ့စစ်ဖြစ်ခဲ့ရတာပါ။ အနောက်ဘက် ရခိုင်ဌာနကို ဗမာတွေကျူးကျော်လို့အင်္ဂလိပ်နဲ့နယ်ခြား ပဋိပက္ခဖြစ်ခဲ့ရပြီး နယ်ချဲ့ မျက်နှာဖြူရဲ့ ပြူစူအငြိုးထားခြင်းခံရတာပါ။***

# တကယ့်အလုပ် ဂမ်ဘာရီမလုပ်ကြောင်း တိုင်းရင်းသားခေါင်းဆောင်များပြော

ကုလသမဂ္ဂ ကိုယ်စားလှယ်တွေအနေနဲ့ ယခင်ကတော့ CRPP အဖွဲ့ဝင် တိုင်းရင်းသားပါတီများနဲ့တွေ့ဆုံတာတွေရှိပါတယ်။ ဆွေးနွေးတာတွေလည်းရှိပါတယ်။ အခုနောက်ပိုင်းမှာတော့ တွေ့ဆုံတာတွေ မရှိပါဘူး။

UNကိုယ်စားလှယ်တွေအရင်က CRPP တိုင်းရင်းသားပါတီတဖွဲ့လုံးနဲ့မဟုတ်တာတောင်မှ အဖွဲ့ဝင်တွေဖြစ်တဲ့ NLD အဖွဲ့ကအစ တိုင်းရင်းသားပါတီတွေနဲ့တွေ့ဆုံဆွေးနွေးတာတွေ ရှိပါတယ်။

အခုနောက်ပိုင်း CRPP အဖွဲ့ဝင်ဖြစ်တဲ့ NLD နဲ့ တွေ့ဆုံပေမဲ့ အခြားတိုင်းရင်းသားအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံတာမရှိတော့ပါဘူး။

ဒီတော့ တိုင်းရင်းသားခေါင်းဆောင်တွေက ဘယ်လိုမြင်လာသလဲဆိုတော့ ကုလကိုယ်စားလှယ်လာရတာဟာ မြန်မာစစ်အစိုးရကဖိတ်လို့လာရတယ်။ သူ့ကိုယ်၌ကမြန်မာနိုင်ငံပြဿနာ ဖြေရှင်းပေးချင်လွန်းလို့၊တာဝန်ရှိလို့သူ့သဘောအရလာတာမဟုတ်ဘူး။ စစ်အစိုးရကလာဆိုမှလာရတယ်။ မလာနဲ့ဦးဆိုလဲ မလာဘဲနေရတယ်၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့တွေ့ချင်ပေမဲ့ စစ်အစိုးရကပေးမတွေ့ဘူး။ စစ်အစိုးရ ကျောထောက်နောက်ခံပေးထားတဲ့ နိုင်ငံ ရေးပါတီမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့သာ တွေ့ခွင့်ရခဲ့တယ်ဆိုတော့။ ဒါကိုကြည့်ခြင်းအားဖြင့် ကုလကိုယ်စားလှယ်ဟာ ပြည်သူတွေမျှော်လင့်ထားတဲ့အတိုင်း လာတာမဟုတ်ဘူးဆိုတာ တွေ့ရပါတယ်။

ကုလသမဂ္ဂကိုယ်စားလှယ်တွေနဲ့တွေ့ပြီး မြန်မာနိုင်ငံအရေး ဆွေးနွေးဖို့ဆိုရင်တော့ CRPP အနေနဲ့တွေ့ဖို့ အဆင်သင့်ရှိပါတယ်။ ပြီးခဲ့တဲ့အခေါက်တွေ NLD နဲ့တွေ့တုန်းက ကုလသမဂ္ဂ ကိုယ်စားလှယ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ တရားမျှတဖို့အားလုံး ပါဝင်နိုင်တဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုတာတွေပြောနေတယ်။ ကုလသမဂ္ဂ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလိုမျိုးမပြောသင့်ဘူး။ သူပြော ရမဲ့တာဝန်ကတိုင်းရင်းသားပါတီ NLD နဲ့နအဖအာဏာပိုင်တို့ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စတွေသာပြောဖို့ရှိပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်မလာခင်ကတည်းက ကျနော် ပြောခဲ့တာရှိပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကုလသမဂ္ဂ ဆုံးဖြတ်ထားတဲ့တာဝန်တွေကိုသာလျှင် အကောင်အထည်ပေါ် လာအောင်ဆောင်ရွက်ဖို့သာဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုဖြစ်စေချင်တယ်၊ ဘယ်လိုဖြစ်အောင်လုပ်မယ်ဆိုတာတကယ်တော့ ကုလသမဂ္ဂရဲ့ တာဝန်မဟုတ်ပါဘူး။ ဒါကြောင့် CRPP အနေနဲ့မစ္စတာဂမ်ဘာရီနဲ့တွေ့မယ်ဆိုရင် မြန်မာနိုင်ငံအ တွက်အပြောင်းအလဲ၊ ဒီမိုကရေစီအရေး၊ အကျဉ်းသားများပြန်လည် လွတ်မြောက်ရေးအတွက် ဆွေးနွေးမယ်။ ဒါပေမဲ့ကျနော်တို့ဖြစ်ချင်တဲ့ စာတွေအားလုံးမစ္စတာဂမ်ဘာရီ စွမ်းဆောင်လိမ့်မယ်လို့တော့ မမျှော်လင့်ပါဘူး။

ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံအရေး ကြားဝင်ဖြန်ဖြေပေးတဲ့အပေါ် မှာ CRPP အနေနဲ့ယုံကြည်လို့မရတော့ဘူးဆိုတဲ့အထိ မပြောသည့်တိုင်အောင် အရင်အခေါက်တွေရော အခုအခေါက်မှာပါ မစ္စတာဂမ်ဘာရီ လုပ်နေတဲ့လုပ်ငန်းတွေဟာ ကုလသမဂ္ဂလုပ်ဆောင်ရမဲ့ တာဝန်တွေနဲ့လွဲနေတယ်။ တကယ်လုပ်ရမဲ့အလုပ်တွေမလုပ်ဘူးလို့ ကျနော်တို့ ပြောချင်ပါတယ်။

CRPP ပြောခွင့်ရပုဂ္ဂိုလ် **ဦးအေးသာအောင်**

(RFA 21/08/08 ညပိုင်း)

# နအဖ သဘောအတိုင်းလုပ်ဖို့ဘဲ ဂမ်ဘာရီ စည်းရုံးနေ

ဂမ်ဘာရီနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ သူ့ကိုမျှော်လင့်တယ်။ ကျနော်တို့နဲ့ပတ်သက်လို့ ဗန်းခီးမွန်းဆီ လိပ်မူပြီးအကြိမ်ကြိမ်စာရေးပို့တယ်။ မစ္စတာဂမ်ဘာရီဆီလည်းမိတ္တူပို့တယ်။ အဲဒါကြောင့် ကျနော်တို့ ဒီတစ်ခါတော့သူ့နဲ့တွေ့ရလိမ့်မယ်လို့မျှော်လင့်တယ်။

ကျနော်တို့ စာပို့ပေးတာ ၃ ခါရှိပြီ။ နောက်ဆုံးက ဂျူလိုင်လတုန်းကပို့ခဲ့တယ်။ မအောင်မြင်ပါဘူး ။ဂမ်ဘာရီဟာ နှစ်ဘက်နှစ်ဦးအတွက်လာတာကို နအဖသဘောအတိုင်းလုပ်ဖို့ဘဲစည်းရုံးနေတယ်။ ဒီအတိုင်းသွားမယ်ဆိုရင် ဘယ်တော့မှအောင်မြင်မှာမဟုတ်ဘူးဆိုတဲ့ အကြံအဉာဏ် ဗန်းခီးမွန်းထံပေးတယ်၊ ဂမ်ဘာရီကိုလည်း မိတ္တူပေးတယ်။

ဂမ်ဘာရီခရီးစဉ်မအောင်မြင်ဘူးလို့ ကျနော်တို့ပြောလို့ သူတို့နာပြီး ကျနော်တို့ကို မတွေ့လည်းမတတ်နိုင်ဘူး။ မတွေ့ချင်လည်း သူတို့ သဘောပေါ့ဗျာ။ အမှန်မှာ သူတို့မြင်တဲ့အတိုင်း ကျနော်တို့ဖေါ်ထုတ် ပြောနေတာ။ UN ကတာဝန်ပေးထားပြီး သူလာတဲ့ကိစ္စဟာလျှို့ဝှက်မဟုတ်ဘူး။ နှစ်ဦး နှစ်ဘက်အတွက်ပေါ် တင်ဆွေးနွေး ဖို့လာတာ။

အကယ်၍ကျနော်တို့နဲ့ အခုခရီးစဉ်မှာတွေ့မယ်ဆိုရင် ဒေါ် အောင်ဆန်းစုကြည်၊ ဦးတင်ဦး တို့ကအစ SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူးစိုင်းညွန့်လွင်၊ ဖမ်းဆီးထားတဲ့တိုင်းရင်းသားခေါင်းဆောင်နဲ့နိုင်ငံရေးအကျဉ်းသားတွေပြန်လွတ်ပေးရေးကိစ္စ။ နောက်ပြီးမြို့နယ်တိုင်း NLD ရုံးခွဲတွေပြန်ဖွင့်ပေးဖို့ကိစ္စတွေ သူ့ကို တာဝန်ပေးထားတယ်ဆိုတော့ နိုင်ငံရေးအရထောင်ကျခံနေရတဲ့သူတွေ လွတ်ပါဆိုတဲ့ အကြောင်းနအဖအာဏာပိုင်တွေနဲ့ ညှိနှိုင်းပေးပါ။ နိုင်ငံရေးအရ ဒိုင်ယာလော့လုပ်ဖို့ အဲဒီလူတွေလွတ်မပေးရင် ဘာမှထူးမှာမဟုတ်ဘူးလို့ တင်ပြမယ်။

**CRPP အဖွဲ့ဝင် ဗိုမီးအမျိုးသားကွန်ကရက်**

**ဦးပူကျင့်ရှင်းထန်** (RFA 21/08/08 နံနက်ပိုင်း)

# မွန်အချင်းသခင်

ကိုလိန်းပရလောင်းချိန်း ထိုင်းရုတ် စာ–၃ (၇/၆/၂၀၀၂)

အစကနဦးကာလ ရှေးပဝေသဏီတုန်းကတော့ မွန်နဲ့ ဗမာတို့ဟာ ဘတပြန် ကျားတပြန် တန်ခိုးထွားခဲ့ကြပါတယ်။

မွန်အာဏာစက် ထွန်းလက်အောင်မြင်ခဲ့တဲ့ ဌာနေဌာနကတော့ လက်ရှိဗမာပြည်အောက်ပိုင်း သထုံအရပ်ဒေသမှာပါ။ တန်ခိုးထွားနိုးကြွားရာကနေ ချည့်နဲ့မှေးမှိန်ခဲ့ပြီးမှ AD ၁၂၈၁ –၁၃၁၃ မဂဒူးမင်းလက်ထက်မှာ နောက်တဖန် ထပ်မံရင်ကော့ ဦးမော့လာပြန်တယ်။

အနီ မဂဒူး မွန်ဘုရင်ဟာ တရွာဝင်တရွာထွက် နယ်လှည့်ခရီးသွားအဆင့်ကနေ ဒင်္ဂါးတပြားနဲ့ ကိုယ့်ဘဝကို စတင်ထူထောင်ရင်းနီးခဲ့ပြီး ဆုခိုထိုင်း (သောက္ကတဲ) ဘုရင်ရဲ့သမက်တော်ဖြစ်တဲ့အထိ တက်လှမ်းနိုင်ခဲ့တဲ့ အာဂ လူသားပါ။

နောက်ပိုင်းမှာ ဒီမဂဒူးမင်းက မုတ္တမ ရာဇဌာနီနေပြည်တော်ကို AD ၁၃၆၉ မှာတည်ထောင်ခဲ့ပါတယ်။ နောက်ကျတော့ ကနေ့အခေါ် ပဂိုးဘက်ပြောင်းသွားပြီး ဟံသာဝတီမွန်တိုင်းပြည်တည်ထောင်ခဲ့ပါတယ်။

မွန်အာဏာစက်ဖြန့်ကျက်လာတာနဲ့ မြောက်ဘက် အင်းဝဗမာတွေကလဲ စုစည်းလာကြတယ်။ မင်းကြီးညိုဆိုတဲ့ ဗမာဘုရင်ကတောင်ငူမင်းဆက် တည်ထောင်ပြီး မွန်တို့ရဲ့ပါရမီကို အမှီလိုက်နိုင်ဖို့ စင်ပြိုင်ထောင်လာနိုင်တယ်။ မင်းကြီးညိုရဲ့သားတော် ရာဇကုမာရက တပင်ရွှေထီးပါ။

အရပ်ဆယ်မျက်နှာတိုင် အောင်နိုင်သူ ဘုရင့်နောင်လက်ထက်ရောက်တော့ ဗမာတို့ရဲ့တန်ခိုးပါရမီအဆုံးစွန်ထွန်းပြောင်ခဲ့တဲ့ ခေတ်လက်ထက်ပါ။ အဲဒီသမယ ရွှေ့လျောလွန်မြောက်တဲ့နောက်ပိုင်း မုတ္တမမွန်နဲ့ သံလျင်မွန်တို့ ထပ်မံစုစည်းပြီး ဗမာဘုရင်ကိုတဖန် ဆန့်ကျင် တိုက်ခိုက်လာပြန်လို့ တောင်ငူ၊ ပြည်နဲ့ အင်းဝကို AD ၁၇၅၂ မှာ သိမ်းပိုက်နိုင်ခဲ့တယ်။

ကုန်းဘောင်မင်းဆက်ကိုတည်ထောင်တဲ့ ရွှေဘိုဗမာဘုရင် အလောင်းဘုရား လက်ထက်မှာ ဗမာအာဏာစက် ဘူမိနက်သန် တဖန်နိုးထလာပြန်တယ်။ ဒီမင်းဆက်ဟာနေပြည်တော်သစ် တည်ဆောက်ရေးမှာ အတော့်ကို အဖြုန်းအတီးကြီးခဲ့တယ်။ ရွှေဘိုကနေ အင်းဝ၊ အင်းဝကနေ အမရပူရ၊ နောက်ကျတော့ မန္တလေး ရတနာပုံ။ အာဏာချဲ့ထွင်ဖို့ အောက်ပြည်အောက်ရွာ မွန်တို့ဌာနေကိုမြှားဦးလှည့်တော့တယ်။ အခွင့်သာတိုင်း ဗမာဘုရင့်တပ်က မွန်တို့ကိုတိုက်ခိုက်တယ်။ ဒီတခါတော့ မွန်တွေ နောက်ထပ်နလံမထူနိုင်အောင် အပြတ်ချေမှုန်းလိုက်တဲ့ စစ်ပွဲကြီးပါဘဲ။

မွန်တို့ရဲ့ ဒဂုံမြို့ကို သိမ်းပိုက်နိုင်တာနဲ့ ရန်သူကို အကုန်အစင်သုတ်သင်လိုက်ပြီလို့ အဓိပ္ပါယ်ရတဲ့ “ရန်ကုန်” အဖြစ် နာမည်ပြောင်းပစ်တယ်။ အဲဒီနောက်မွန်အာဏာစက်ရဲ့ ဗဟိုချက်မ ဟံသာဝတီနေပြည်တော်ကို (စိစိညက် ချေဖျက်သတ်ဖြတ် တိုက်ခိုက်မီးမြှိုက်ပြီး) သိမ်းပိုက်လိုက်တယ်။

ဒီတခါ ဗမာကို မွန်တို့ စစ်ရှုံးရတာဟာ နလံထူလို့မရတော့တဲ့ အရှုံးကြီး ဆုံးရှုံးမှုဖြစ်တယ်။

ဗမာအာဏာစက်အောက် ကျွန်ခံမနေနိုင်တော့လို့ အယုဒ္ဓယခေတ်နှောင်းပိုင်းကစပြီး ရတနကိုးဆင်(ကောသိန္တ ရဘာန်ကောက်) ခေတ်ဦးပိုင်းအထိ ထိုင်းဆယမ် အာဏာစက်လောင်းရိပ်အောက်ဆီ မွန်တို့ အဆက်မပြတ် တိမ်းရှောင်လာကြတယ်။

ဒီသမိုင်းနောက်ခံတွေဖတ်ကြည့်တော့ အံ့သြစရာသိပ်မရှိပါဘူး။ ထိုင်းထဲမှာရှိတဲ့မွန်အရေးဟာ အစ ကနဦးနှစ်ရာချီကတည်းက ဖြစ်ခဲ့တဲ့ပြဿနာပါ။ အခု နောက်ပိုင်းလဲဘဲ ပြည်ပြေးဒုက္ခသည်အဖြစ်နဲ့တိမ်းရှောင်လာပြီး ဝမ်းရေးအတွက် အသက်ဆက်ဖို့ လာအလုပ်လုပ်ကြတဲ့ မွန်တွေလည်းမနည်းပါဘူး။ မွန်တင်မကပါဘူး။ ကရင်၊ ရခိုင်၊ သျှမ်းတွေအပါအဝင် ဗမာလူမျိုးတွေလဲ ထိုင်းထဲမှာ သိန်းသန်းချီရှိနေပါပြီ။

လက်ရှိအနေအထားကို ဟေတုပစ္စယော ကြောင်းကျိုးဆီလျော်ဆက်စပ်သုံးသပ်ကြည့်မယ်ဆိုရင် တောင်ဘက် အောက်ပြည်အောက်ရွာကို ဗမာတွေနယ်ချဲ့ကျူးကျော်လို့ မွန်တွေကို နှိပ်စက်မောင်းထုတ်ခဲ့တာဟာ ထိုင်း–ဗမာစစ်ဖြစ်ဖို့ မျိုးစေ့ချပေးလိုက်သလိုပါ။ မြောက်ဘက်အထက်အညာကို ဗမာတွေနယ်ချဲ့လို့သျှမ်းတွေကိုထိပါးကျူးကျော်ခဲ့ရာက တရုပ်နဲ့စစ်ဖြစ်ခဲ့ရတာပါ။ အနောက်ဘက် ရခိုင်ဌာနကို ဗမာတွေကျူးကျော်လို့အင်္ဂလိပ်နဲ့နယ်ခြား ပဋိပက္ခဖြစ်ခဲ့ရပြီး နယ်ချဲ့မျက်နှာဖြူရဲ့ ပြူစုအငြိုးထားခြင်းခံရတာပါ။

ဗမာတွေ သုံးဖက်သုံးတန် (မွန်၊ သျှမ်း၊ ရခိုင်) ရန်သူဖန်တီး စစ်မီးမွှေးပြီး မိတ်သဟာယအလိုမရှိ၊ မိစ္ဆာဒိဋ္ဌိစတိုင်၊ လက်ကိုင်ထားလွန်းလို့သာ ဗမာဘုရင်သီပေါမင်းအဖမ်းခံရတဲ့အထိ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရတာဖြစ်တယ်။

ဒီကမ္ဘာလောကကြီးမှာ ဘယ်သူတွေဘာဘဲလုပ်လုပ် ကံတူအကျိုးပေးဆိုတဲ့ နိယာမသဘောတရားကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ ဖူးဆိုရင်ဖရုံမသီး ဆိုရိုးစကားလို ပျိုးကြဲတဲ့မျိုးစေ့အတိုင်း နဂို မူလအသီးအနှံဘဲရရှိမှာဖြစ်တယ်။

ဒီကနေ့ မွန်–ဗမာ ရာဇဝင်သမိုင်းကြောင်းကို ပြန်ပြောင်းရေးပြဖို့ ရွေးချယ်ရတာဟာထိုင်းနယ်စပ်တလျှောက်က သျှမ်း၊ ဝ၊ ကရင်၊ ကရင်နီ စတဲ့ အမယ်ဘုတ်ရဲ့သူ့ချည်ခင် ပင်မပြဿနာ အရင်းအမြစ်ကိုလှစ်ဟ ဝေဖန်ဖို့ စိတ်ထက်သန်မှု မရှိသေးလို့ဖြစ်ပါတယ်။

ရာဘ စိတ်ကြွဆေးပြဿနာဖြေရှင်းဖို့ဆန္ဒရှိတယ်၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို မြေလှန်ပစ်ချင်တယ်ဆိုရင် မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်ပတ်သက်သူ၊ အကျိုးအမြတ်ရရှိသူ အာဏာရှိပုဂ္ဂိုလ် အာဏာရှင်အစိုးရနဲ့ ဆက်ဆံရေး ထိခိုက်မှုကို ရင်ဆိုင်ရဲရမှာဖြစ်တယ်။

အထုံးတစ်ခုကိုဖြေနိုင်ပေမဲ့ပိုကြီးတဲ့ အထုံးသစ်တခုထပ်မံအချည်ခံရတယ်ဆိုရင် ရတာနဲ့ရှုံးတာ ကာမိပ့ါမလား စဉ်းစားသင့်ပါတယ်။ သတင်းအရ ကျောင်းသား ၃ ယောက်ကို ပစ်သတ်တဲ့တရားခံဟာမွန် လူမျိုး ဖြစ်တယ်ဆိုရင် ထိုင်းကစိတ်ကောင်းထားပြီး

**စာမျက်နှာ (၃၁) သို့**

# ငွေများတိုင်း တရားမနိုင်

နိုင်းစိန်ကြည် (ဩဂုတ် ၁၆ ၂၀၀၈)

ဩဂုတ်စ် ၁၅ ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာမျက်နှာဖုံးတွင် လန်ဒန်ရောက် ယခင်ထိုင်းဝန်ကြီးချုပ် ထတ်ဆင်ရှင်းနဝပ်နှင့်ဇနီးတို့အပေါ် ထိုင်းတရားရုံးက ဖမ်းဝရမ်းထုတ်လိုက်သည့် သတင်းကြီးပါလာ၏။

လက်ရှိတရားခံပြေး ဘဝရောက်နေရသူထတ်ဆင်တို့ လင်မယားသည် ယခင်ထိုကာလလျှမ်းလျှမ်းတောက် မောက်မာအာဏာလွှမ်းမိုးခဲ့စဉ်ငွေများ၍ တရားနိုင်ခဲ့ဖူးသော်လည်း ယနေ့အဖို့ဒီမိုကရေစီ မြတ်နိုးသူ ထိုင်းလူထု၏ ဆန္ဒပြတောင်းဆိုမှုတိုက်ပွဲနှင့် တရားဥပဒေကို မလွန်ဆန်နိုင်တော့။ အမှုရင်ဆိုင်နေရစဉ်အာမခံငွေ ဘတ် ၁၀ သန်းကျော်စွန့်ပစ်ကာဘေဂျင်းအိုလမ်ပစ်ပွဲပြီးမှ ပြန်လာမည်ဟု အကြောင်းပြ၍ထိုင်းမှထွက်သွားခဲ့ကြခြင်းဖြစ်၏။ ငွေဘယ်လောက်များများ တရားဥပဒေကိုတော့ မလွန်နိုင်ဆန်တော့– ဟုသိလိုက်သည်နှင့်မိခင်နိုင်ငံသို့မပြန်တော့ဘဲ တမိသားစုလုံး အင်္ဂလန်သို့ပုံသန်းသွားကြခြင်းဖြစ်သည်။ ငွေများတိုင်း တရားမနိုင်နိုင်သည့် ယနေ့ထတ်ဆင်တို့ လင်မယားဖြစ်ရပ်သည် ထိုင်းဒီမိုကရေစီအဘို့ တဆင့်တက်မြင့်မားလာသည့် ပြယုဂ်တခု ဖြစ်၏။ နိုင်ငံရေးအသိတရားနိုးကြားလာသော ထိုင်းမြို့ပြလူထု၏လှုပ်ရှားကြိုးပမ်းမှုကြောင့် ဤထတ်ဆင်အမှုက ထိုင်းဒီမိုကရေစီစံနှုန်းကိုအဆုံးအဖြတ်ပေးလိုက်သကဲ့သို့ဖြစ်သည်။


ထိုင်းဝန်ကြီးချုပ်ဟောင်း ထတ်ဆင်ရှင်းနဝပ်

အဘယ့်ကြောင့်နည်း။ ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတနိုင်ငံ၏ အာဏာကြီး ၃ ရပ်ကဏ္ဍအသီးသီး၌ အာဏာတရပ်စီအဖို့မျှတလွတ်လပ်မှုရှိပြီး အာဏာတရပ်နှင့်တရပ် အပြန်အလှန် ကျားကန်ထိန်းညှိလာနိုင်သောကြောင့် ဖြစ်၏။ ယခင်ကကဲ့သို့ တရား စီရင်ရေးကဏ္ဍကို နိုင်ငံရေးကိစ္စက ဝင်ရောက်စွက်ဖက်ပြီး အုပ်ချုပ်ရေးအာဏာရှိသူ(အစိုးရ)က တရားစီရင်ရေးအာဏာရှိသူ(တရားသူကြီးများ) အပေါ် စိတ်ရှိတိုင်း ဩဇာညောင်း ခြယ်လှယ်နိုင်ခြင်းမရှိတော့ဘဲ ငွေကြေးခနအသပြာပြည့်ဝသူကိုပါ တရားဥပဒေနှင့်အညီအရေးယူလာနိုင် သောကြောင့်ဖြစ်သည်။

ရာထူးနှစ်ဝက် သက်တမ်းရှိ ယခု ဝန်ကြီးချုပ် ဆမတ်ဆွန်ထောရဝေ့တ် ဦးဆောင်သောအစိုးရမှာ ထတ်ဆင်၏ နော်မီနီ ရုပ်သေး အစိုးရဖြစ်သည်ဟု ထိုင်းအတိုက်အခံနှင့် ပညာရှင်များက သတ်မှတ်ကြ၏။ ဝန်ကြီးချုပ် ဖြစ်စဉ်က တိုင်းပြည်ဘဏ္ဍာငွေ ဘတ်သန်းပေါင်း ၇၆,၀၀၀ အခွန်လိမ်လည် ရှောင်ဖယ်အလွဲသုံးစားလုပ်ထားသည့် ထတ်ဆင်အပေါ် စွဲချက်တင်ထားသည့်အမှု ပျက်ပြယ်စေရန်၊ ထတ်ဆင် ဦးဆောင်တည် ထောင်ခဲ့သည့် ထိုင်းရတ်ထိုင်းပါတီ အဖျက်အသိမ်းခံ လိုက်ရသောယခင်နှစ် တရားရုံး စီရင်ချက်နှင့်အတူ ပါတီဗဟိုကော်မတီဝင် ၁၁၁ ယောက် ၅ နှစ် အတွင်း နိုင်ငံရေး လုပ်ခွင့် ပိတ်ပင်လိုက်သည့်ကိစ္စလည်းချေဖျက် ရုပ်သိမ်းနိုင်ရန်၊ ၂၀၀၇ အခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရေးအတွက် ထတ်ဆင်အလိုတော်ရိ ဆမတ်အုပ်စုမှ အကြိမ်ကြိမ် ကြိုးပမ်းလာခဲ့သည်။

သို့သော် ဒီမိုကရေစီအတွက်ပြည်သူ့မဟာမိတ်တပ်ပေါင်းစုကြီး PAD က ထိုကိစ္စအပေါ် မကျေနပ်သဖြင့်ရက်ပေါင်း ၉၀ ကျော်နေ့စဉ်ရက်ဆက်ဆန္ဒပြလို့ဆော်စည်းရုံး ဆန့်ကျင်ကန့်ကွက်ထုတ်ဖော်ဟောပြောလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ အစိုးရဆန့်ကျင်ရေးရက်ရှည် မာရသွန်ဆန္ဒပြမှုလုပ်နိုင်စွမ်းရှိသည့် ထိုင်းနိုင်ငံမှာ ကမ္ဘာမှာရှားမှရှားစံချိန်တင်သွားပြီ ဖြစ်၏။ ဤသည်ပင်လျှင် ဒီမိုကရေစီ ဒီရေမြင့်တက်လာခြင်း၊ ဒီမိုကရေစီအုဋ္ဌမြစ် ပိုမိုခိုင်မာလာခြင်းဖြစ်သည် ဟုပြောစမှတ်ပြုကြသည်။ တဖက်တလမ်းအနေနှင့် ပြည်သူလူထု၏တွန်းအားကြောင့် တရားစီရင်ရေး အာဏာပိုမိုတောင့်တင်းခိုင်မာ လွတ်လပ်မျှတလာခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

ထိုင်းနိုင်ငံ၏ အိမ်နီးချင်း တိုင်းပြည်၊ မျက်မှောက် ဗမာပြည်နှင့်ရှုဒေါင့်အဖုံဖုံမှ ထောက်ပြနှိုင်းယှဉ်ကြည့်နိုင်၏။ အနှစ် ၂၀ သန်းရွှေ စစ်အုပ်စု ဓါးမိုးကြီးစိုးအုပ်ချုပ်သည့် နအဖလက်အောက် ဗမာပြည်၏ တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေး ကဏ္ဍကား အဘယ်နည်း။ ငွေများတော့တရားနိုင်၊ သေနတ်ကိုင်ထားလို့တရားနိုင်။ အုပ်ချုပ်ရေးအာဏာသာမကဥပဒေပြုအာဏာ၊ တရားစီရင်ရေး အာဏာအားလုံးကိုပါ သန်းရွှေစစ်အုပ်စုလက်ဝါးကြီးအုပ်ခြယ်လှယ်နေ၏။ တရားသူကြီးများလည်းမတရားသူကြီးများ ဖြစ်လာစေရန် ဒင်းတို့ဖန်တီးပြောင်းလဲပစ်ခဲ့သည်။

ထိုင်းလူထု၏ ဒီမိုကရေစီအတွက် ပြည်သူ့မဟာမိတ်တပ်ပေါင်းစု PAD ၏အသပြာအာဏာရှင် ဆန့်ကျင်ရေးတိုက်ပွဲနှင့် ဗမာပြည် ၂၀၀၇ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေး။ ဤဖြစ်ရပ် ၂ ခုကိုခိုင်းနှိုင်းသုံး သပ်ကြည့်နိုင်၏။ ဗမာပြည်တွင် အခြေခံလူ့အခွင့်အရေးများဖြစ်ကြသည့် လွတ်လပ်စွာ စည်းရုံးခွင့်၊ စုဝေးခွင့်၊ လွတ်လပ်စွာပြောဆိုရေးသားထုတ်ဝေခွင့်၊ ဆန္ဒပြခွင့် စသည်တို့ကား ဝေရာမဏိနတ္ထိဖြစ်၏။ သန်းရွှေ စစ်အုပ်စုကတော့ စည်းကမ်းရှိသော (ဗမာ့နည်း ဗမာ့ဟန်) ဒီမိုကရေစီဟု လိမ်ညာဟစ်အော် ကြွေးကြော်နေသည်။

သေနတ်များ၍ တရားနိုင်၊ ဒီမိုကရေစီယိမ်းယိုင် အခြေမခိုင်ကင်းမဲ့သည့် ယနေ့ဗမာပြည် ၄၆ နှစ်ကျော်ခဲ့ပြီ။ ငွေများတိုင်း တရားမနိုင်၊ ဒီမိုကရေစီ မဏ္ဍိုင်၊ အုဋ္ဌမြစ်ခိုင်မာ အဆင့်မြင့်လာသည့် ထိုင်းပြည်၊ ၇၆ နှစ် သက်တမ်းရှိခဲ့ပြီ။ ❑

**တွေ့ဆုံမေးမြန်းခန်း**

# ရှမ်းဝါရင့်နိုင်ငံရေးသမားကြီး ဦးရွှေအုံးနှင့် ခေတ်ပြိုင် မေးမြန်းခန်း

ဦးရွှေအုံးသည် ရှမ်းအမျိုးသား ဝါရင့်နိုင်ငံရေးသမားကြီးတဦး ဖြစ်သည်။ ယနေ့တိုင် အနာဂတ်မြန်မာနိုင်ငံကို ရှစ်ပြည်ထောင်မှု ဖွဲ့စည်းရေးအယူအဆကိုကိုင်စွဲထားသူဖြစ်သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦးနှင့် အခြားရှမ်းခေါင်းဆောင်များအား စစ်အစိုးရကဖမ်းဆီးထောင်ချထားခြင်းမှာ ရှစ်ပြည်ထောင်မှုကိစ္စစစ်အစိုးရကမကြိုက်သည့်အတွက် ဖမ်းဆီးခြင်းဖြစ်သည်ဟု ဦးရွှေအုံးက ယူဆသည်။ ကိုယ်ပိုင်နိုင်ငံရေးအယူအဆများ မကြာခဏထုတ်လေ့ရှိသည့်အတွက် ရန်ကုန်နိုင်ငံရေးလောကတွင် သဘောထားမတိုက်ဆိုင်မှုများနှင့် ကြုံရသူလည်းဖြစ်သည်။ အခြေခံဥပဒေတွင်ကြွင်းကျန် အာဏာကို ပြည်နယ်များတွင်ထားရှိရေး၊ တိုင်းရင်းသားများ ခွဲထွက်ရေးမူ စွန့်လွှတ်ရေး ရှစ်မျက်နှာအကြံပေးစာတမ်း ထုတ်ခဲ့ဘူးသည်။



ဦးရွှေအုံး

**မေး** ဦးရွှေအုံးက ပါတီထောင်မယ်လို့ပြောတယ်။ရွေးကောက်ပွဲဝင်ဖို့ အစီအစဉ်ရှိတယ်လို့ ပြောတယ်၊ အစီအစဉ်ပြောပါဦး ခင်ဗျ။

**ဖြေ** ကျနော်ရေးတဲ့စာအုပ်တွေ့မိလား၊ စာအုပ်ကတော့ကြာပါပြီ၊ ခင်ဗျားတို့ဆီလည်းပို့တာပဲ၊ မပြိုကွဲနိုင်သော ပြည်ထောင်စုတခု တည်ဆောက်ကြပါစို့–စာအုပ်။ အဲဒီစာအုပ်မှာ မပြိုကွဲနိုင်သော ပြည်ထောင်စု တည်ဆောက်ဖို့ဆိုရင် ပြည်ထောင်စုဒီမိုကရေစီ အဖွဲ့ချုပ်တခု ဖွဲ့ရမယ်လို့ ကျနော်ပြောထားတာ။

ကျနော် ခပ်ရှင်းရှင်းပဲပြောမယ်။ ပါတီထောင်ချင်တာက ကျနော်တို့ ပြည်ထောင်စုကိုယုံကြည်တယ်၊ စစ်မှန်သော ပြည်ထောင်စုပေါ့။ ရှစ်ပြည်နယ်ပြည်ထောင်စုပဲကျနော်ယုံကြည်တယ်၊ ရှစ်ပြည်နယ်ပြည်ထောင်စုဖြစ်ရမယ်။ ဒီမိုကရေစီဖြစ်ရမယ်၊ အဲဒီရှစ်ပြည်နယ် ပြည်ထောင်စုအတွက် ပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ဖို့ဆိုရင် ကျနော်တို့တိုင်းရင်းသားလူမျိုးစုတွေက ဗမာလူများစုကို Confrontation ပုံစံနဲ့သွားလို့မရဘူး၊ လူမျိုးကြီးရှစ်မျိုး အခြေခံပြီးတော့ အကုန်လုံး Cooperation ပူးပေါင်းလုပ်မှရမယ်။ ဒါကျနော့်ရဲ့မူ၊ အဲတော့ ကျနော်တည်ထောင်မယ့် ပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ်မှာ ဗမာလည်းပါရမှာပဲ။ ဗမာမပါဘဲနဲ့ ပြည်ထောင်စုမဖြစ်ဘူး။ အဲတော့ ဗမာလူမျိုးစုနဲ့ ကျန်တဲ့လူမျိုးစုတွေပူးပေါင်းပြီး ပါတီတခုဖွဲ့ဖို့က ကျနော့်ရဲ့ အဓိကရည်ရွယ်ချက်ပါ၊

**မေး** အဲဒီပါတီဖွဲ့ဖို့အတွက်ကို ဦးရွှေအုံးကို ထောက်ခံတဲ့ပုဂ္ဂိုလ်။ ပါတီဝင်တဲ့ပုဂ္ဂိုလ် ဘယ်လောက်လောက်ရှိလဲခင်ဗျ။

**ဖြေ** ထောက်ခံမယ့်လူတွေရှိပါတယ်။ ကျနော်တို့ အကုန်လုံးစည်းရုံးထားပြီးသား။

**မေး** ပါတီကို ဘယ်တော့လောက် ထောင်ဖြစ်မလဲခင်ဗျ။

**ဖြေ** ပါတီထောင်ခွင့်ပြုတဲ့အမိန့်ဥပဒေ စောင့်နေတာပဲ၊

**မေး** ပါတီထောင်တဲ့ရည်ရွယ်ချက်မှာ ရှစ်ပြည်ထောင်မှုကို ဦးရွှေအုံးကလက်ခံထားတယ်လို့ပြောတယ်၊ ရှစ်ပြည်ထောင်မှုကိုအခုထိ ယုံကြည်ထားတယ်ပေါ့။

ဒါပေမယ့် အဲဒီရှစ်ပြည်ထောင်မှုကြောင့်ပဲ ခွန်ထွန်းဦးတို့ ဗိုလ်ချုပ်ဆေထင်တို့ အခုထောင်ဒဏ် နှစ်ရှည်ကျသွားတယ်။ ရှစ်ပြည်ထောင်မှုကြောင့်ဆိုတာ သိရက်သားနဲ့ ရှစ်ပြည်ထောင်မှု အခြေခံပြီး ဒီပါတီကိုဖွဲ့မယ်ဆိုရင် စစ်အစိုးရကရန်သူလို့ သဘောမထားနိုင်ဘူးလား ခင်ဗျ၊

**ဖြေ** ကျနော်လည်း တနှစ်ခြေချုပ်ချခံထားရတာပဲ၊ နံပါတ် (၁) ကျနော် ယုံကြည်တယ်။ ဖြစ်နိုင်တာ မဖြစ်နိုင်တာကတော့ နံပါတ် (၂) ပေါ့။ သူတို့ပါတီထောင်ခွင့်ပြုတဲ့ ဥပဒေထုတ်လာရင် ဘယ်လို ဥပဒေမျိုးလာမယ်။ ဘယ်လိုလာမယ်ဆိုတာလည်း မသိဘူး။ ကျနော်တို့ လိုချင်တဲ့ ရည်မှန်းချက်ကတော့ ထားရမယ်၊

**မေး** လက်ရှိအခြေအနေအရ ၂၀၁၀ ရွေးကောက်ပွဲကထွက်ပေါ်လာမယ့် အရပ်သားအစိုးရကို ခေါင်းဆောင်မယ့်သမ္မတနဲ့ဒုသမ္မတ တို့ရဲ့အိမ်တွေ ဘာတွေတောင် ဆောက်ပြီးပြီလို့ ကျနော်တို့ စုံစမ်းသိရပါတယ်၊ သမ္မတနဲ့ဒု–သမ္မတအိမ်ဟာ လက်ရှိစစ်အစိုးရနဲ့ မပတ်သက်တဲ့

ပုဂ္ဂိုလ်တွေဆိုရင် အဲလောက်ထိ သဘောကောင်းပုံမလား စဉ်းစားကြည့်ဖို့ကောင်းတဲ့အတွက် လာမဲ့ရွေးကောက်ပွဲကိုဝင်တဲ့အခါမှာ ဦးရွှေအုံးတို့အနေနဲ့ အနိုင်ရနိုင်မလား။ စစ်အစိုးရက သူနိုင်မယ်ဆိုတာ ကြိုတွက်ပြီး ဘယ်သူ့ကိုသမ္မတတင်ရမယ်ဆိုတာတောင် ကြိုသိနေတဲ့သဘောလို့ ယူဆသလား၊ ဘယ်လိုယူဆသလဲခင်ဗျ။

**ဖြေ** ကျနော်တော့ အဲဒါတွေကို သိပ်ပြီးတော့စိတ်မဝင်စားဘူး။ အခုအတည်ပြုထားပြီးတဲ့အခြေခံဥပဒေကို ကျနော်အစက

> “ ကျနော့် ရည်မှန်းချက်အရ ကျနော်ကတော့ နိဗ္ဗာန်သွားချင်တာပဲ။ ကျနော်တို့ အခုရောက်နေတာ ငရဲပြည်ရောက်နေတာ။ ”

တည်းက ထောက်ခံတာမှမဟုတ်တဲ့။ နောက်ဆုံး အချိန်ထိ ကျနော်ကန့်ကွက်နေတာပဲ။ ကန့်ကွက်လို့မရလို့ အတည်ဖြစ်သွားပြီဆိုတော့ ကျနော်တို့ မလွှဲမရှောင်သာတဲ့အနေနဲ့ လက်ခံတယ်–အဲဒါပဲ။ ကြိုက်တာ မကြိုက်တာ အပထား၊ တကယ်ဖြစ်တာက ဖြစ်လာပြီးသားကိစ္စ။ အဲဒါကို ကျနော်တို့လက်ခံပြီးလုပ်ရမှာပဲ၊ သူတို့လုပ်တာ ကျနော်တို့ကြိုက်တာလည်းရှိတယ်။ မကြိုက်တာလည်းရှိတယ်၊ အခုကျနော် လုပ်မယ်ဆိုတာလည်း သူတို့လက်ခံတာ မခံတာ သူတို့အပိုင်းလေ၊ ကျနော့်ရည်မှန်းချက်အရ ကျနော်ကတော့ နိဗ္ဗာန်သွားချင်တာပဲ။ ကျနော်တို့အခုရောက်နေတာ ငရဲပြည်ရောက်နေတာ။ နိဗ္ဗာန်ကိုသွားဖို့ ကျနော်တို့စွန့်လွှတ်လို့မရဘူးလေ။ အဲတော့ ဘယ်နည်းနဲ့သွားလို့ရမလဲ၊ အဲဒါ ကျနော်တို့ ဒုက္ခခံပြီးတော့ရှာရမှာပဲ။ ဒါရမှ ဖြစ်မယ်ဆိုတာမျိုးတော့ လုပ်လို့မရဘူး။ ဖွင့်ထားတဲ့အပေါက်လေးတွေ ကျနော်တို့ ဘယ်လောက်ထိ တိုးဝင်လို့ရမလဲ အဲဒါပဲကြည့်ရမှာပဲ။

**မေး** အခုလောလောဆယ် ရှစ်ပြည်ထောင်မှုကိုထောက်ခံတဲ့ ပါတီအဖွဲ့အစည်း၊ ထင်ရှားတဲ့ လူပုဂ္ဂိုလ် ဘယ်သူတွေ ရှိလဲခင်ဗျ။

**ဖြေ** ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့တွေဆီ ကျနော်ဟိုတုန်းကတည်းက တရားဝင်ထုတ်ပြန်ပြီးသားပဲ။ အခုသူတို့ထဲက ထောက်ခံတဲ့သူ သုံးလေးယောက်လောက်ပါပါတယ်။ သုံးလေးယောက်နဲ့ စလုပ်သွားမယ်။ လောလောဆယ် ကျနော်တို့အခြေခံဥပဒေရေးဆွဲနေတယ်။ အခြေခံဥပဒေက ကျနော်တို့အဖွဲ့ချုပ်ရဲ့ By-law ပေါ့။ နောက်ပြီးသူတို့ထုတ်ထားတဲ့ အဲဒီဥပဒေအရ ကျနော်တို့ By-law နဲ့အန်ဝင်ဂွင်ကျဖြစ်မယ်ဆိုရင်လည်း ဆက်လုပ်မယ်။ မဖြစ်ဘူးဆိုရင်တော့ ကျနော်တို့ By-law ကို နည်းနည်းပါးပါးပြန်ပြင်ချင်လည်းပြင်မယ်။ ပြင်ပြီးတော့ အချိန်ကျပြီဆိုတဲ့အခါမှ ကျနော်တို့ဖွဲ့ခွင့်ရသွားပြီဆိုလို့ရှိရင်ဝင်လာမယ့် လူတွေ အများကြီးပါ။

**မေး** ဒါဆိုလို့ရှိရင် တခြားရှမ်းအဖွဲ့အစည်းတွေကရော၊ ဥပမာအားဖြင့် အက်စ်အက်စ်အေ မြောက်ပိုင်းအဖွဲ့အနေနဲ့ ခေါင်းဆောင်ပိုင်းလည်း မရှိတော့ဘူး။ ဗိုလ်ချုပ်ဆေထင် ထောင်ကျနေတယ်။ သူတို့သဘောထားကရော ဦးရွှေအုံးတို့နဲ့ ဘယ်လိုနေလဲခင်ဗျ။

**ဖြေ** တခြားအဖွဲ့တွေတော့ ကျနော်မသိဘူး။ အခုလောလောဆယ် ကျနော်သိတာက ဦးသုဝေတော့ ဒီမိုကရေစီပါတီ ပြန်ထောင်ချင်သလိုလို ပြောနေတယ်။ ကျနော်နဲ့သူနဲ့ ညှိတော့ညှိနေတာပဲ။ မပြတ်သေးဘူး။

**မေး** အခုလောလောဆယ် ပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံတဲ့ပုဂ္ဂိုလ်က (၁၀) ယောက်တောင်မပြည့်သေးဘူးဆိုတဲ့ အဓိပ္ပာယ်လားခင်ဗျ။

**ဖြေ** ကျနော်တို့ကို ထောက်ခံမယ့်လူတွေက ကျနော်ထင်တယ် အများကြီးရှိတယ်။ အန်အယ်လ်ဒီကထွက်သွားတဲ့လူတွေ

> “ နောက်ဆုံးပြောရမယ်ဆိုလို့ရှိရင်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့လဲ ရှစ်ပြည်နယ်ကိုထောက်ခံတယ်။ ”

လည်းရှိတယ်။ ထုတ်ထားတာလည်းရှိတယ်။ ဒီလူတွေအများကြီး ထောက်ခံတယ်။ အဲဒီအထဲမှာ လူငယ်ပိုင်း၊ လူလတ်ပိုင်းရှိတယ်။ ကျနော်ထင်တယ် တဝက်နီးပါးလောက်က ကျနော်တို့ကိုထောက်ခံတယ်။ နောက်ဆုံးပြောရမယ်ဆိုလို့ရှိရင်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့လဲ ရှစ်ပြည်နယ်ကိုထောက်ခံတယ်။

**မေး** ဦးရွှေအုံးတို့က ရှစ်ပြည်ထောင်မှုကိုသွားချင်တယ်။နအဖစစ်အစိုးရချမှတ်ထားတဲ့ အခြေခံဥပဒေမှာက ရှစ်ပြည်ထောင်စနစ်ကိုသွားတာမဟုတ်တော့ အဲဒီနှစ်ခုကရွေးကောက်ပွဲမှာ ထိပ်တိုက်မဖြစ်နိုင်ဘူးလား။ စစ်အစိုးရက ခွင့်ပြုပါ့မလား၊ ဦးရွှေအုံးရဲ့ပါတီ ရည်မှန်းချက်အောင်မြင်မယ်လို့ ဘယ်လိုလုပ်ယူဆမလဲခင်ဗျ။

**ဖြေ** ကျနော်က သူတို့ဥပဒေကို စောင့်ကြည့်မယ်လေ။ ဥပဒေက ဘယ်လိုထွက်လာမယ်မှန်းမသိဘူး။ အဲဒီထွက်လာတဲ့ ဥပဒေအပေါ် မူတည်ပြီး ကျနော်တို့ဘယ်လောက်အထိ ဝင်လို့ရမလဲ၊ ဝင်လို့ရသလောက်ပဲ ကျနော်စဉ်းစားမှာပဲ။

**မေး** ပါတီထောင်တဲ့အခါ ရည်ရွယ်ချက်က ရှစ်ပြည်ထောင်မှုကိုလက်ကိုင်ထားတာက လက်ရှိစစ်အစိုးရရဲ့ဖွဲ့စည်းပုံ အခြေခံမှုတွေနဲ့ ဆန့်ကျင်နေတဲ့အတွက် ဦးရွှေအုံးရဲ့ပါတီအန္တရာယ် မများနိုင်ဘူးလား။

**ဖြေ** စစ်မှန်သောပြည်ထောင်စု အဲဒီစကားလုံးပဲ ကျနော်သုံးတယ်။ စစ်မှန်သောဆိုတာနဲ့ ရှစ်ပြည်ထောင်နဲ့နည်းနည်းတော့ ကွာတာပေါ့။ ကျနော်တို့ ဘယ်လိုနည်းနဲ့ဝင်လို့ရမလဲ၊ ဝင်ရမယ့်အပေါက်ကို ကျနော် စဉ်းစားနေတာပဲ။ မဖြစ်နိုင်တာတော့ မလုပ်ဘူးဗျာ။ ဘယ်လိုနည်းနဲ့ဖြစ်နိုင်အောင်လုပ်မလဲ၊ အဲဒါကိုကျနော် Adaptation တော့လုပ်ရမှာပေါ့။

**မေး** တခြားနိုင်ငံရေးအခြေအနေတွေရော ဘယ်လိုရှိပါသလဲ၊ ရွေးကောက်ပွဲဝင်ဖို့ စိတ်ဆန္ဒရှိကြတဲ့ နိုင်ငံရေးအသိုင်းအဝိုင်းရဲ့

အနေအထား ဘယ်လိုရှိလဲခင်ဗျ။

**ဖြေ** နိုင်ငံရေးပါတီတွေက ဒီနေ့ထိ ဘယ်သူမှမပြတ်သားပါဘူး။ ကျနော်တို့ တိုင်းရင်းသားပါတီတွေအားလုံးလိုလိုတော့ ကျနော်တို့ဘက်က ရှိတယ်။ နောက်ပြီး ဝါရင့်အဖွဲ့က ကျနော်ထင်တယ် တကယ်လုပ်ဖြစ်ရင် တဝက်ကျော်ကျော်လောက်ရမယ်။ ကျနော် တယောက်ချင်းစီကို စည်းရုံးပြီးသား။ နောက်ပြီး အန်အယ်လ်ဒီက ထွက်ထားတဲ့လူ၊ ထုတ်ထားတဲ့လူတွေရှိတယ်။ အဲဒီလူတွေ ရတယ်။ နောက် တသီးပုဂ္ဂလတွေ ကျန်တာအများကြီးပေါ့။

**မေး** ကျနော်တို့ကြားတာက အခုလောလောဆယ် စစ်အစိုးရ ထောက်လှမ်းရေးတွေက အမတ်တွေကို လိုက်ပြီးတီးခေါက်နေတယ်။ ခင်ဗျားတို့ ရွေးကောက်ပွဲဝင်မှာလားဆိုပြီးတော့ ဥပမာအားဖြင့် ပဲခူးက ဦးမြတ်လှတို့ပါတယ်။ အဲဒါမျိုးတွေ ဖြစ်နေတယ်။ ဦးရွှေအုံးကြားမိသေးလား၊ ဘယ်လိုရည်ရွယ်ချက်လို့ ယူဆလဲခင်ဗျား။

**ဖြေ** အဲဒါတော့ ကျနော်မသိဘူးဗျ။ မကြားမိဘူး။

**မေး** အခု စစ်အစိုးရက ရွေးကောက်ပွဲလုပ်မယ်ဆိုတော့ စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စစ်တပ်ကဏ္ဍက ကြီးကြီးမားမားချုပ်ကိုင်ထားတဲ့အတွက် ဦးရွှေအုံးတို့ဝင်လဲပဲ လွှတ်တော်မှာ ဘယ်လောက်ထိ ပြောရေးဆိုခွင့်ရလိမ့်မယ်လို့ မျှော်မှန်းထားလဲခင်ဗျ။

**ဖြေ** သိပ်တော့ မျှော်မှန်းချက်အရှည်ကြီးတော့ မထားဘူးလေ။ လောလောဆယ် ကျနော်တို့ ရပ်တည်ခွင့်ရနိုင်တဲ့အထိတော့ ပထမဆုံးခြေလှမ်းအဖြစ် ကျနော်လုပ်ကြည့်မယ်။ ရပ်တည်ခွင့်ရပြီးရင်တော့ လုပ်ငန်းကို အခြေအနေအရ တဖြည်းဖြည်း ကြည့်လုပ်ရမှာပေါ့။

**မေး** ခွန်ထွန်းဦးအဖွဲ့က ဦးရွှေအုံးတို့ထဲ ပါတယ်ဆိုတာက ခွန်ထွန်းဦး တို့ရဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ဦးရွှေအုံး ပါတီထဲကို ပူးပေါင်းလိုက်ပြီဆိုတဲ့ သဘောလား။

**ဖြေ** ဦးခွန်ထွန်းဦးတို့အဖွဲ့က အဖမ်းမခံရဘဲနဲ့ ကျန်နေတဲ့လူတချို့ ရှိတယ်။ အဲဒီလူတွေနဲ့တော့ ကျနော်တို့ဆွေးနွေးနေတာပဲ။

> **“ ကျနော်တို့ရဲ့ မူဝါဒဆိုတာ ၁၉၄၆-၄၇ ကတည်းက စလာတဲ့မူပဲ။ အဲဒါကျနော်တို့ ခပ်လွယ်လွယ်နဲ့မဖျက်နိုင်ဘူး။ ”**

**မေး** ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ကိုဖျက်ပြီးတော့ ဦးရွှေအုံးတို့နဲ့ မဟာမိတ်လုပ်မယ် ဆိုတဲ့သဘောလား။

**ဖြေ** အတိအကျတော့ ပြောလို့မရဘူး။ အတိအကျဆိုတာ သူတို့ ဥပဒေဘယ်တော့ ထွက်လာမလဲ၊ အဲဒီဥပဒေကို ကျနော်တို့ ဘယ်လောက်ဝင်လုပ်ရမယ်။ ဝင်လုပ်ရရင်တော့ အကုန်လုံးပါမယ်။ ကျနော်တို့က အခြေခံဥပဒေမူကြမ်းတောင် ဆွဲထားပြီးပြီ။ ဒါပေမယ့် သူတို့ဥပဒေထွက်လာမှာကိုလဲကြည့်ရဦးမယ်။ အဲဒီဥပဒေနဲ့ သဟဇာတဖြစ်မယ့် အခြေခံဥပဒေကို ပြန်ပြီးတော့ ပြင်ရမှာပဲ။ ရတယ်ဆိုရင်တော့ အများကြီးပါလာမှာပဲ။

**မေး** အခြေခံဥပဒေမူကြမ်းဆိုတာ ဦးရွှေအုံး ဆွဲနေတာလား၊ ဘာအတွက်လဲခင်ဗျ။

**ဖြေ** ဟုတ်တယ်။ အခြေခံဥပဒေမူကြမ်းဆိုတာက ကျနော်တို့ ပြည်ထောင်စု ဒီမိုကရေစီပါတီရဲ့ ဖွဲ့စည်းပုံပေါ့။

**မေး** ဦးရွှေအုံးအနေနဲ့ လက်ရှိပြည်ထောင်စုဒီမိုကရေစီအဖွဲ့ချုပ်ထောင်မယ့်ကိစ္စနဲ့ ပတ်သက်ပြီးတော့ တပြည်လုံးက ရှမ်းတိုင်းရင်းသားတွေကို ဘာများပြောချင်သေးလဲခင်ဗျ။

**ဖြေ** အားလုံးကသဘောတူမှာပါ။ ခွန်ထွန်းဦးနဲ့ ကျနော်တို့အဖွဲ့ ပဲရှိတာပဲ။ ကျန်တဲ့အဖွဲ့လဲ အများကြီးရှိတာပဲ၊ မလုပ်ရသေးလို့ ထိုင်နေကြတာ။ လုပ်လိုက်ရင်တော့ အကုန်လုံး သဘောတူကြမှာပါ။

**မေး** ရှမ်းပြည်က ပြည်သူတွေကို ဘာပြောချင်သေးလဲ၊ ဦးရွှေအုံးပါတီကို ထောက်ခံဖို့ပြောချင်သလား။

**ဖြေ** ကျနော်တို့ပါတီကိုထောက်ခံဖို့ပေါ့။ ကျနော်တို့ရဲ့ မူဝါဒဆိုတာ ၁၉၄၆-၄၇ ကတည်းက စလာတဲ့မူပဲ။ အဲဒါကျနော်တို့ ခပ်လွယ်လွယ်နဲ့မဖျက်နိုင်ဘူး။အဲဒါကိုအကုန်လုံးသဘောတူတယ်။နှစ်ပေါင်း (၇၀) လောက်မဖျက်ဘဲနေတယ်။ ကျနော်တို့ရည်ရွယ်ချက်ကတော့ မဖျက်ဘူး။ ကျနော်တို့ပြည်ထောင်စုပါတီကို စဖွဲ့ကတည်းက အဲဒီရည်ရွယ်ချက်နဲ့ဖွဲ့တာ။ ကျနော်တို့ ဒါကိုတော့မဖျက်နိုင်ဘူး။ ဖြစ်တာမဖြစ်တာကတော့ ထားလေ။ ❑



# ကျားကြောက်လို့ ရှင်ကြီးခိုး၊ ရှင်ကြီးကကျားကိုပြန်ရှိခိုး

**သျှမ်းသံတော်ဆင့်–စိုင်းစိန်ကြည် (21/8/08)**

ယခုရက်ပိုင်းအတွင်းကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဗန်းခီးမွန်း၏ မြန်မာနိုင်ငံဆိုင်ရာစေ့စပ်ညှိနှိုင်းရေးမှူး အထူးကိုယ်စားလှယ် မစ္စတာ အီဗရာဟင်မ်ဂမ်ဘာရီခရီးစဉ်သတင်းကား ရေးပန်းစားလွမ်းမိုးနေ၏။

ယခုသြဂုတ်စ်လအတွင်း ကုလကိုယ်စားလှယ်နှစ်ဦး၏ မြန်မာပြည်ခရီးအပေါ် ကုလသမဂ္ဂဘက်မှ တိုးတက်မှုတစုံတရာရှိသည်ဟု မည်သို့ပင်ပြောပြော၊ မြန်မာပြည်သူများနှင့်အတိုက်အခံဘက်က အား မလိုအားမရဖြစ်သည်၊ စိတ်ပျက်မိသည်၊ နအဖပြုသမျှနုနေရသည်ဟု မည်သို့ပင်ဆိုဆို၊ အနှစ်ချုပ်သုံးသပ်ရလျှင် UN ကိုမျှော်ကိုးအားထား၍ မဖြစ်တော့ကြောင်းမှတ်ချက်ချနိုင်သည်။ ထို့ထက်အပေါင်းလက္ခဏာဆောင်အကောင်းမြင်လိုပါက–ဘာမှမလုပ်တာ/ဘာမှမရှိတာနှင့်စာလျှင်တော်သေးသည်ဟုပြောနိုင်၏။

မြန်မာပြည်၏ နိုင်ငံရေးပြဿနာကို အနှစ်သာရရှိရှိမှန်ကန်စွာ ဖြေရှင်းနိုင်ရန် သုံးပွင့်ဆိုင်ဆွေးနွေးရေးလမ်းကြောင်းဖြင့်သွားရမည်ဟု ၁၉၉၄ ကတည်းက ကုလသမဂ္ဂမှဆုံးဖြတ်ချက်ချလမ်းညွှန်ပြခဲ့၏။ ထိုသို့ဆိုလျှင် UN သည် ဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားအင်အားစု၊ လက်ရှိအာဏာရစစ်အုပ်စုအကြား သမာသမတ်ကျစွာ ကြားနေပေးရမည်။ ဘက်လိုက်မှုကင်းကင်း၊ ကိုင်တွယ်ဖြေရှင်းပေးရမည်ဆိုသည့် အဓိပ္ပါယ်ဖြစ်၏။ သုံးဦးသုံးဖလှယ်သုံးအုပ်စုအကြား တရားသူကြီးလုပ်ပေးရမည့် တာဝန်ရှိသည်ဆိုသည့်သဘောဖြစ်ကြောင်း လူတိုင်းနားလည်သည်။

***သန်းရွှေ စစ်အုပ်စုအပေါင်းပါများမှလွဲ၍ UN ၏ ကြားဝင်ဖြန်ဖြေမှုမှာ သမာသမတ်မထား၊ တရားသူကြီးလုပ်ရပ် နှင့်မကိုက်၊ ဗိုလ်သန်းရွှေအကြိုက်ဘက်လိုက်သည့် ရှေ့နေနှင့်တူနေသည် ဟု . . .***

လွန်ခဲ့သည့် ၄–၅ခေါက်နှင့်ယခုဂမ်ဘာရီ၏ နောက်ဆုံးခရီးစဉ်မှာ ထိုကဲ့သို့ဟုတ်ပါသလော။ အထက်ပါစံထားချက်ပေတံဖြင့် တိုင်းတာကြည့်နိုင်၏။ လက်တဆုပ်စာသန်းရွှေ စစ်အုပ်စုအပေါင်းပါများမှလွဲ၍ UN ၏ ကြားဝင်ဖြန်ဖြေမှုမှာ သမာသမတ်မထား၊ တရားသူကြီးလုပ်ရပ်နှင့်မကိုက်၊ ဗိုလ်သန်းရွှေအကြိုက်ဘက်လိုက်သည့် ရှေ့နေနှင့်တူနေသည်ဟု တိုင်းရင်းသားနှင့် ဒီမိုကရေစီအင်အားစုတို့ရှုမြင်မှတ်ထင်ကြသည်။ ဗိုလ်သန်းရွှေတပည့်တပန်းများ သရုပ်ပြအမှုန်းတင်စီစဉ်ပေးသည့်အာဂျင်တာအတိုင်း NLD-EC အဖွဲ့ချုပ်ဗဟိုအမှုဆောင် ကော်မတီဝင်ထိပ်ပိုင်းပုဂ္ဂိုလ် ၅ ယောက်နှင့်ဂမ်ဘာရီတွေ့ဆုံခွင့်ရ၏။ ထိုကိစ္စအပေါ် စိတ်ပျက်ရကြောင်း NLD ဘက်မှထုတ်ဖော် ညည်းတွားခဲ့သည်။

UN ၏ကြိုးပမ်းမှုလုပ်ငန်းစဉ် Process ၅ ချက်အရ–ဒေါ် စုနှင့်နိုင်ငံရေးကျဉ်းသားများလွှတ်ပေးရေး၊ အဆက်ပြတ်နေခဲ့သော NLD နှင့်နအဖဆက်လက်တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရန်ကုန်တွင်ဆက်သွယ်ဆက်ဆံရေးရုံးဖွင့်ထားရေး၊ UNGS ဗန်းခီးမွန်းကိုယ်တိုင်ယခုနှစ်နှောင်းပိုင်း၌ လာရောက်ရေးတို့ကို ဂမ်ဘာရီက–မစားရဝခမန်း ပျားရည်ဖြင့်ဝမ်းချ၏။ ထို့ထက်မက နအဖ ရို့ဒ်မက်ပ်အရ ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်ပါဝင်ကြစေလိုကြောင်းလည်း တိုက်တွန်းသေးသည်ဟု ဆို၏။

သို့သော်– UN အနေနှင့် ၁၉၉၀ ရွေးကောက်ပွဲအပေါ် မည်သို့သဘောထားသနည်း။ NLD နှင့် တိုင်းရင်းသားအုပ်စုမှ လုံးဝလက်မခံအသိအမှတ်မပြုသောနအဖ၏ ကလိမ်ကကျစ် အခြေခံဥပဒေဆန္ဒခံယူပွဲနှင့်စစ်အုပ်စုအလိုကျ တပြည်ထောင်ဖွဲ့စည်းပုံ အပေါ် ဘယ်လိုသဘောထားသနည်း– ဆိုသည့် အမေးကိုမူ ဂမ်ဘာရီက ရေငုံနှုတ်ပိတ်နေသည်ဟု NLD-EC ဒေါက်တာဝင်းနိုင်မှထုတ်ဖော် ခဲ့သည်။

တိုင်းရင်းသားတို့အတွက် အခွင့်အလမ်းဆိတ်သုဉ်း အထူးနစ်နာဆုံး ရှုံးရသည်မှာ ( ကြိုတင်အကြောင်းကြားတောင်းဆိုထားသည့်ကြားက) တိုင်းရင်းသား ၁၂ ပါတီစုပေါင်းထားသည့် UNA နှင့် ဂမ်ဘာရီတွေ့ခွင့်မရခြင်းဖြစ်၏။ သန်းရွှေစစ်အုပ်စုခေါင်းခေါက်ဆင့်ခေါ် ထားသည့်နအဖလက်ကိုင်တုတ်တိုင်းရင်းသားအတု အစုအဖွဲ့အချို့နှင့်သာတွေ့ခွင့်ရ၏။ ကွင်တားနားနှင့်ဂမ်ဘာရီတို့အဖို့ UN ၏ ကိုယ်ပိုင်အစီအစဉ်အရမဟုတ်ဘဲ၊ သန်းရွှေစစ်အုပ်စု၏ကြိုတင်စီစဉ်မှုအတိုင်းမီးစင်ကြည့်ကနေရသည်မှာ နှစ်လရှည်ကြာခဲ့ပြီဖြစ်သည်။

ထိုသို့ဆိုလျှင် ၁၉၉၄ UNGA ဆုံးဖြတ်ချက်ဖြစ်သည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ Tripartide Dialogue လမ်းညွှန်ချက်မှာ အာနိသင်ကင်းစင်ခဲ့ပြီလော။ သဲထဲရေသွန်ဖြစ်ပြီလော–ဟု မေးခွန်းထုတ်စရာရှိလာ၏။ အကြောင်းမှာ သုံးပွင့်ဆိုင်အကြားတရားနည်းလမ်းကျစွာ သမာသမတ်ရှိရှိUN ၏အခန်းကဏ္ဍကား–သံသယပွါးဘွယ်ဖြစ်နေသည်။

ထိုသို့မဟုတ်ပါက–သန်းရွှေစစ်အုပ်စု လုပ်ထုံးလုပ်နည်းအတိုင်း ဂမ်ဘာရီတို့အတုခိုးနေသလော– စောကြောလိုသည့် သံသယများ တဖွါးဖွါးပေါ် မိ၏။ သန်းရွှေအာဏာရှင်စစ်အုပ်စုသည် အပြောနှင့်အလုပ်မညီ။မည်သို့ပင်ကတိပေးပေး၊ ဟိုအရေးဒီအရေးဘယ်လိုဆုံးဖြတ် ချက်ချချ၊ ဘယ်တော့မှလိုက်နာကျင့်သုံးအကောင်အထည်ဖော်လေ့မရှိ။ UN ၏ဆုံးဖြတ်ချက်နှင့်လက်တွေ့လုပ်ရပ်ကတော့– နအဖနှင့် တခြားစီဖြစ်မည်ဟု အားလုံးကယုံကြည်မျှော်လင့်ခဲ့ကြသည်။

UN ၏ သုံးပွင့်ဆိုင်ဆုံးဖြတ်ချက်တိုင်း အုပ်စုသုံးခုအကြားကျောသားရင်သားမခွဲခြား၊ တရားသူကြီးပမာ၊ ညီမျှစွာမျက်နှာသာပေးစေလိုသည်မှာ ပြည်သူများ၏ ဆန္ဒအစစ်အမှန်ဖြစ်၏။ သန်းရွှေစစ်အုပ်စုကမီးစိမ်းပြပြီ၊ ဖိတ်မန္တက ပြုသည်၊ ပြည်ဝင်ခွင့်ရသည်၊ (နအဖဇာတ်ညွှန်းအရ) စေ့စပ်ဖြန်ဖြေခွင့်ရပြီ– ဟုဆိုတိုင်းအကောင်း မြင်နှစ်သိမ့်ကျေနပ်ရမည်မဟုတ်။ နိုင်ငံရေးအကျဉ်းသား– ခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ ဗိုလ်ချုပ်ဆေထင်တို့၊ UNA ခေါင်းဆောင်ပူကျင့်ရှင်းထန်၊ ထောင်ကိုထန်း




တို့၊ CRPP ဦးအေးသာအောင်တို့ကို မဆိုထားနှင့်။ ဒေါ်စုနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ရရေးသည်ပင်တတ်နိုင်စွမ်းမရှိပေ။ ဩဂုတ်စ် ၂၁ ကြာသပတေးနေ့အထိ ဗိုလ်သန်းရွှေ ဗိုလ်သိန်းစိန်တို့နှင့်လည်း သူ့ခမြာ တွေ့ခွင့်မရရှာပေ။ ဂမ်ဘာရီ၏ လက်ရှိအနေအထားကိုမည်သို့ ကောက်ချက်ချရမည်နည်း။ ဂမ်ဘာရီ့ဆရာ UN ဂုရုကြီးဘဲသွားသွား၊ ထူးမခြားနား ဖြစ်ဖို့များမည်ဟုပြည်သူများမျှော်လင့်ချက်မဲ့–စိတ်ပျက် ခဲ့ကြသည်။

UN အခန်းနှင့်သန်းရွှေအုပ်စုတို့၏ မျက်မှောက်ဖြစ်ရပ်ကား– တိုင်းရင်းသားပြည်သူရဟန်းရှင်လူများအဖို့– ကျားကြောက်လို့ ရှင်ကြီးခို၊ ရှင်ကြီးကကျားကိုပြန်ရှိခိုး– ဤပုံပမာမျိုးနှင့်အလားတူနေ၏။ ရှင်ကြီး ကျားရှူးရှေ့မှောက်ဒူးထောက် တိုးလျှိုးသလောက် ကျားအောက်ကသိုးငယ်များသနားကြင်နာမှု ကင်းစွာလစ်လျူရှုခံနေကြရသည်။

သန်းရွှေအုပ်စုသည် တရုပ်
နဂါးကိုအားထားနိုင်သည့်ငန်းတော်ကျားဖြစ်၏။
ကွင်တားနားနှင့် ဂမ်ဘာရီတို့မှာမူ
တီကောင်နှင့် ရေမြွေ ဘဝရောက်နေရသည်။

UN သည်ပြည်သူများအားထား၍မရတော့သောစက္ကူကျား၊ သန်းရွှေအုပ်စုသည်သာတကယ့်ဘီလူးကျားအစစ်ဖြစ်နေ၏။ အကြောင်းမှာ– သန်းရွှေစစ်အုပ်စုအပေါ် ဆက်ဆံရာ၌ UN လက်ထဲ၊ မုန့်ပဲသရေစာသာရှိ၊ တုတ်ဓါးနတ္ထိ (no bench mark ) ဖြစ်နေသောကြောင့်ပင်။ ထို့ထက်မကကုလလုံခြုံရေးကောင်စီ UNSC တွင် နအဖဘက်မှတရုပ်နှင့်ရုရှားတို့အမြဲရပ်တည်နေသောအချက်ကလည်း နအဖအတွက် တပန်းသာနေ၏။ ဤအနေအထားကြောင့် သန်းရွှေအုပ်စုသည် တရုပ်နဂါးကိုအားထားနိုင်သည့်ငန်းတော်ကျားဖြစ်၏။ ကွင်တားနားနှင့် ဂမ်ဘာရီတို့မှာမူ **တီကောင်**နှင့် **ရေမြွေ** ဘဝရောက်နေရသည်။

မဆလတပါတီအာဏာရှင်နှင့် နဝတ/ နအဖစစ်အာဏာရှင်လက်အောက်– ကုန်းကောက်စရာမရှိအောင်ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းကိုပြန်ပြောင်းဆန်းစစ်လျှင်လက်ရှိ ပစ္စုပ္ပာန်နှင့်မြန်မာပြည်ရှေ့အလားအလာကိုနှိုင်းယှဉ်ချိန်ထိုးကြည့်မိ၏။ ၁၉၆၂ ဗိုလ်နေဝင်းစစ်တပ်အာဏာသိမ်း သဖြင့်(ဖါးတပိုင်းငါးတပိုင်း) ၁၉၇၄ အခြေခံဥပဒေသက်တမ်း ၁၄ နှစ် သာကြာရှည်ခဲ့၏။ ၂၆ နှစ် ကြာမဆလ ပါတီနိဂုံးချုပ်ခဲ့ရသော်လည်း ၁၉၈၈ တွင် ဗိုလ်နေဝင်း၏တပည့်လက်သားများအာဏာသိမ်းပြန်သဖြင့် ၁၉၇၄ တပါတီအာဏာရှင်ဖွဲ့စည်းပုံလည်း ၁၄ နှစ်သက်တမ်းသာ ခံခဲ့၏။ လက်သစ်စစ်အာဏာရှင် နဝတ / နအဖ အနှစ် ၂၀ သက်ဆိုးရှည်ခဲ့ပြီး ဗိုလ်သန်းရွှေစစ်အုပ်စုအလိုကျ ၂၀၀၈ ဖွဲ့စည်းပုံလည်းတဖက်သတ်အတည် ပြုလိုက်ပြီဖြစ်၏။ အတိတ်သမိုင်းကြောင်း အချိန်ဖေါ် မြူလာအရ ၁၄ နှစ်ဥပဒေနှစ်ခုနှင့် ၂၆ နှစ်အာဏာရှင်သက်တမ်း။ ဤနည်းလမ်းဆိုလျှင် စစ်အုပ်စုအာဏာသက်တမ်းနောက်ထပ် ၆ နှစ် (သို့မဟုတ်) တပြည်ထောင်ဖွဲ့စည်း ပုံသစ်သက်တမ်း ၁၄ နှစ်ကျမှ ပြောင်းလဲမည်လော။ တနည်းဆိုလျှင် ၂၀၁၂ (သို့) ၂၀၂၂ ကျမှ အာဏာရှင်စနစ်ပျက်သုဉ်းပြိုလဲမည်လောဟု ရင်မောစွာအတွေးသံသရာလည်မိသည်။

ပသို့ဆိုစေ၊ ဗမာပြည်နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပေါ် ထွန်းမှုကား– မည်သည့်ပြင်ပအင်အားစုအပေါ် တွင်မတည်မှီ။ ရဟန်းရှင်လူပြည်သူတရပ်လုံး အပေါ် တွင်သာတရပ်မှီပါသည်။

*"သဘောထားကြီးပြီးအာဏာကိုအလိုအလျောက်စွန့်လွှတ်သွားတဲ့အာဏာရှင်ဆိုလို့ကမ္ဘာပေါ်မှာမရှိ။ ဒီအချိန်ဟာတော်လှန်ရေးအလှည့်အပြောင်းဖြစ်နိုင်တဲ့ကာလဖြစ်ပြီး မြန်မာပြည်သူတွေရဲ့ သူရဲကောင်းစိတ်ဓါတ်ကိုယုံကြည်ကြ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့အကူအညီကိုမျှော်ကိုးစိတ်ကူးယဉ်အချိန် မဖြုန်းဘဲပြည်သူ့အင်အားနဲ့အာဏာရှင်ကိုခြေမှုန်းတိုက်ဖျက်သွားကြ "* ဆိုသည့်လူထုစိန်ဝင်း၏ လမ်းညွှန်အဆိုအမိန့်သည်သာအမှန်ကန်ဆုံးသစ္စာတရားဖြစ်ပါကြောင်း။

# ၼၢင်းၸၢမ်တွင်း ၶဝ်ႈႁူမ်ႈပၢင်ၵုပ်ႇၵူဝ်း ၵိူဝ်းလႆႈလုမ်ႈၼူဝ်ႉပႄလ်ႉ


Photo : Youth Power Media

ဝၼ်းထိ 21 ဝႆးဝၼ်း ၼၢင်းၸၢမ်တွင်း
လုမ်းၵပ်းသၢၼ်လွင်ႈၼၢင်းယိင်းတႆး(SWAN)
ၶဝ်ႈႁူမ်ႈပၢင်ၵုပ်ႇၵူဝ်း
ၵိူဝ်းလႆႈလုမ်ႈ ၼူဝ်ႉပႄလ်ႉ
တူင်ႉၸိုင်ပုၼ်ႈသုၼ်ႇလႆႈၼၢင်းယိင်း NWI
တီႈလၼ်ႉလွမ်ၵႅင်းမႆႇ,
ႁွင်ႈၵၢၼ်ၾႆႇ,လိပ်ႈႁဵၼ်းလွင်ႈၼၢင်းယိင်း
Women Studying
(ၵိင်ႇၸၼ Social Sciences )
ႁူၼ်းၶဝ်ႈႁူမ်ႈမွၵ်ႈႁိူင်ပႆႉ။
ၵုပ်ႇၵုမ်တူဝ်ႈႁူဝ်ၶေႃႈ
ၼၢင်းယိင်း ၸလႈ ၵၢၼ်မိူင်း –
လွင်ႈၼၢင်းယိင်းၼႂ်းမိူင်းထႆး လႆႈထုၵ်ႇလူလႆႈ
ၶၢမ်ႈၸႄႈၵၢတေႃ (ၵမ်ႇမီးၵႃႈၶၼ်)၊
လွင်ႈၼၢင်းယိင်းလၢဝ်းၶိူဝ်းၼႂ်းမိူင်းႁူမ်ႈတုမ်
လႆႈထုၵ်ႇသိုၵ်းမၢၼ်ႈပေႃႉၵိၼ်လူလႆႈၵၼ်ႉလၼ်၊
လွၵ်ႇၵိၼ်ႁိူင်းလႆႈ .... ထိုမ်လိုဝ်းၼၼ်ႉ။




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org